ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့်၊ ဗုဒ္ဓဟူးနေ့၊ (10-9-2003) (၃၉၈၉)

ဓမ္မစရိယာ စ
တေံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

ဥပုသ်နေ့နှုိးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်တင်မှု လိုက်လျောညီထွေဖြစ်ရန် ပြုပြင်ဖွယ်ရာများ အပိုင်းလိုက်ဆောင်ရွက်

အသွင်အပြင်ပြောင်းပြီး လုပသာယာရှုချင်စဖွယ်ဖြစ်ရန် ပြင်ဆင်

ရန်ကုန် စက်တင်ဘာ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေ ၄နာရီ၁၅မိနစ်တွင် သစ်တောရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ကျောက်ဆည်အမှတ်(၁) ဆင်မင်းဘိလပ်မြေစက်ရုံ စက်စွမ်းအားပြည့် ကုန်ထုတ်မှု အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံ စမ်းသပ်လည်ပတ်မှုအခြေအနေများ ကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် စက်တင်ဘာ ၈ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကျောက်ဆည်စက်ရုံနယ်မြေများရှိ အမှတ်(၁) ဆင်မင်းဘိလပ်မြေစက်ရုံ၏ စက်စွမ်းအားပြည့် လည်ပတ်ကုန်ထုတ်လုပ်မှုအခြေအနေ၊ အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံ အပြီးသတ် တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် စက်စမ်းသပ်လည်ပတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၉နာရီတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲**

ယနေ့ထုတ်
စောင်ရေ
၁၉၇၃၄၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၀-၉-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

သွင်းကုန်အစားထိုး စက်ရုံများ တည်ဆောက် လုပ်ငန်းများ အချိန်မီ ပြီးစီးရေး ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေမည့် စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရန် အမျိုးသားစီမံကိန်း အဆင့်ဆင့်ကို ချမှတ်အကောင်အထည် ဖော်လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ရာတွင် ပြည်တွင်းရှိ သယံဇာတစွမ်းအား၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းအားအရင်းအမြစ်များကို စုစည်းရယူကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်သည်။

ထို့ကြောင့် နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းကြီးများ၏ စွမ်းဆောင်မှု အရည်အသွေးကို မြှင့်တင်ပေးပြီး စက်မှုကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်အတွက် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရန်နှင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စက်ရုံသစ်အများအပြားကိုလည်း တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် စက်တင်ဘာလ ၅ ရက်နေ့က ဧရာဝတီတိုင်းအတွင်း သွားရောက်သည့် ခရီးစဉ်အတွင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာရှိ အမှတ် (၁)စက်မှုဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသော တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)၏ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ အသီးသီး အား လုပ်ငန်းဆိုင်ရာများ မှာကြားရာတွင် **အမှတ် (၁)စက်မှုဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းစစ်ဆေးပြီး ကုန်ကြမ်းနှင့်ပတ်သက်သည့် ကိန်းဂဏန်းများ မှန်ကန်တိကျရေး စနစ်တကျ တိုင်းတာတွက်ချက်၍ ကိုယ်ပိုင်စိုက်ခင်းများကိုပါ တည်ထောင်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို အလေအလွင့်မရှိစေဘဲ မြန်မြန်ဆန်ဆန်ပြီးမြောက်အောင် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက် သွားကြရန်လိုကြောင်း** ပြောကြားခဲ့သည်။

တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)သည် ဧရာဝတီတိုင်း သာပေါင်းမြို့နယ်အတွင်း တည်ရှိပြီး ပျော့ဖတ်တစ်နေ့ တန် ၁၅၀ ခန့် ပြည်ပသို့တင်ပို့၍ နိုင်ငံခြားငွေရှာဖွေရန်၊ အရည်အသွေးကောင်းမွန်သည့် အဆင့်မြင့်စက္ကူများထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းသွားရန်၊ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း အလုပ်အကိုင်ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် တည်ဆောက်လျက်ရှိခြင်းဖြစ်သည်။

အဆိုပါ စက်ရုံစီမံကိန်းတွင် တစ်နေ့တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံ စီမံကိန်း(သာပေါင်း)နှင့် ဆက်စပ် တစ်နေ့ တန် ၆၀ ခာတုစက်ကြိတ်ပျော့ဖတ် သတင်းစာစက္ကူစက်ရုံ စီမံကိန်း (သာပေါင်း)တို့ ပါဝင်သည်။ သတင်းစာစက္ကူစက်ရုံအတွက် စက်မှုကုန်ကြမ်း သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိသည်။ သတင်းစာစက္ကူစက်ရုံအတွက် တစ်နှစ်လျှင် သစ်တန်ချိန် ၆၀၀၀၀ လိုအပ်ရာ သစ်တောစိုက်ခင်းတစ်နှစ်လျှင် ဧက ၃၀၀၀ နှုန်းဖြင့် ရှစ်နှစ်ခုတ်ပတ်လည်စနစ်ဖြင့် ဧက ၂၄၀၀၀ စိုက်ပျိုးရန်လျာထားချက်ရှိသည်။

တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)အတွက် ၄၄ မိုင်ရှည်သည့် ဒါးက-ပုသိမ်-သန်လျက်စွန်း-လေ့ကြီးတက် ကုန်ထုတ်လမ်းအစား လမ်းအရှည် ၃၂ မိုင်လျော့နည်းပြီး ၁၂ မိုင်သာရှည်သည့် ဒါးက-လေ့ကြီးတက် ကုန်ထုတ်လမ်းအသစ် ဖောက်လုပ်ရန်လမ်းအူကြောင်း ရှာဖွေဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)၏ စက်ရုံတည်ဆောက်မှု လုပ်ငန်းများမှာ ၇၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် စက်များတပ်ဆင်မှုမှာ ၂၁ ဒသမ ၅ ရာခိုင်နှုန်းပြီးစီးနေကြောင်း သိရသည်။

သို့ဖြစ်ရာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ပိုင် စက်ရုံများ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေး၊ သွင်းကုန် အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ဖြင့် စက်ရုံအသစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိရာတွင် စီမံကိန်းလုပ်ငန်းများ အလေအလွင့်မရှိစေဘဲ အချိန်မီပြီးမြောက်စေရေး တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စင်ကာပူ ရွှေကျောင်းဆရာတော် ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

စင်ကာပူနိုင်ငံ ရွှေကျောင်းဆရာတော် (Venerable Sayadaw Shi Fazhao) က လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန(တွံတေး) Centre For Women Care(Twan Tay) သို့ ငွေလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အလှူရှင် စင်ကာပူနိုင်ငံ ရွှေကျောင်းဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အလှူရှင် စင်ကာပူနိုင်ငံ ရွှေကျောင်းဆရာတော်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန(တွံတေး)သို့ ငွေပဒေသာပင်စိုက်ထူရန်အတွက် ငွေကျပ်သိန်း ၁၀၀၊ စားစရိတ်အတွက် ငွေကျပ်ငါးသိန်း၊ အဝတ်အစားအတွက် ငွေကျပ်တစ်သိန်းငါးသောင်း၊ အပ်ချုပ်စက် ၁၀လုံးနှင့် ခါးစက်နှစ်လုံးအတွက် ငွေကျပ် ၆၁၄၀၀၀၊ ပလတ်စတစ်ထိုင်ခုံ ၅၀နှင့် ထမင်းစားပွဲအတွက် ငွေကျပ်သုံးသိန်းငါးသောင်း၊ အဆောက်အအုံအတွက် ငွေကျပ်သိန်း ၁၂၀ စုစုပေါင်း ငွေကျပ် ၂၃၆၁၄၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မင်္ဂလာဗျူဟာ ဂုရုဓမ္မအခါတော်နေ့

ရန်ကုန် စက်တင်ဘာ ၉

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် (၃၁)ကြိမ်မြောက် တော်သလင်းလပြည့် ဂုရုဓမ္မအခါတော်နေ့ပွဲကို စက်တင်ဘာ ၁၀ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပ၍ မွန်းလွဲ ၁နာရီတွင် ပန်းဘဲတန်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ (မော်ကွန်းထိန်း၊ ပရိယတ္တိသာသနာ့တက္ကသိုလ်)က ဂုရုဓမ္မသီလတော်မြတ်နှင့်ဆိုင်ရာများကို ဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)

ပညာရေးစင်တာ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

MRA (Myanmar Royal Academy) ပညာရေးစင်တာ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီက သင်တန်းကျောင်းတည်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၉)လမ်း အမှတ် (၅၇) မြေညီထပ်တွင် ကျင်းပရာ MRA ပညာရေးစင်တာ အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး MRA ပညာရေးစင်တာကျောင်းအုပ်နှင့် သင်ကြားရေးဒါရိုက်တာ ဒေါက်တာမြင့်လှိုင်က သင်တန်းကျောင်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဖွင့်လှစ်သင်ကြားမည့် သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဧကာဒသမ အကြိမ်(၁၁)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအတွက် လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ကျပ်တစ်သောင်း လှူဒါန်းသည်။

အသေးစိတ် အချက်အလတ်များကို သင်တန်းကျောင်း တည်ရှိရာသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း- ၂၂၂၁၂၁ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျွန်းစိုက်ခင်းနှင့် သစ်စက်များကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၇ရက်က တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးမြို့တွင် ပဲခူး(တောင်)သစ်ထုတ်ရေးဒေသနှင့် ညောင်လေးပင်မြို့တွင် ပဲခူး(မြောက်) သစ်ထုတ်ရေးဒေသတို့၏ ၂၀၀၃-၂၀၀၄ခုနှစ် စီမံကိန်းလျာထားချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို စစ်ဆေးခဲ့သည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ညောင်ပင်သာ အမှတ်(၁၀၄)သစ်စက်နှင့် သာဂရရှိ (၆)မိုင်အထူးကျွန်းစိုက်ခင်းကိုဝင်ရောက်စစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ဖိုးကျားစခန်းတွင် ကိုးပင်-သာဂရရိုးမဖြတ်ကျော်လမ်း အခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြချက် အပေါ် ဝန်ကြီးက အကြံအကဲ၏ လမ်းညွှန်ချက်အရ ဆောင်ရွက်ခြင်းဖြစ်၍ ကြိုးစားလုပ်ဆောင်ကြရန်နှင့် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးသည် သာဂရ အမှတ်(၂၀) သစ်စက်ကိုလည်းကောင်း၊ သာဂရသစ်တော ပျိုးဥယျာဉ်ကိုလည်းကောင်း၊ ဆွာအမှတ်(၃) အထပ်သားစက်ရုံနှင့် နန်းချွန် မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေး သင်တန်းကျောင်းတို့ကို ဝင်ရောက်စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စက်တင်ဘာ ၈ရက်တွင် ဝန်ကြီးသည် ဥယျာဉ်တော် အမှတ်(၈၈) သစ်စက်ကို လည်းကောင်း၊ ဇောဓိကုန်း အမှတ်(၆၉) သစ်စက်နှင့် အုတ်တွင်းရှိ သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျွန်းမျိုးသန့်သုတေသနစိုက်ခင်းကို ဝင်ရောက်စစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ဇောဓိကုန်းသစ်ဆိပ်၊ မြေစေးသစ်ဆိပ်နှင့် မြို့ချောင်းသစ်ဆိပ်ရှိ သစ်များကို စစ်ဆေးသည်။

၎င်းနောက် မြို့ချောင်းတွင် မြို့ချောင်း-စိန်ကန့်လန့်ရိုးမဖြတ်ကျော်လမ်းအခြေအနေကို တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက သတ်မှတ်ကာလပြီးစီးအောင် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက်ဝန်ကြီးသည် ဖဒိုမြို့၌ မြန်မာ့သစ်လုပ်ငန်း ပဲခူး(မြောက်) သစ်ထုတ်ရေးဒေသ၏ ယာဉ်ယန္တရားစခန်းနှင့် အမှတ်(၉၁) သစ်စက်၌ ဝင်ရောက်စစ်ဆေးခဲ့သည်။ (က-ပ)

စက်တင်ဘာ ၅ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၁) ပထမတန်း (ခ)မှ မောင်ကောင်းခန့်ဇော်၊ မောင်သီဟထက်နောင်စိုး၊ မောင်ချမ်းသာအောင်၊ မချမ်းလင်းဖြိုး၊ မဇူးဇူးစံတို့က နို့ဆန်ပြုတ်အာဟာရ ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (က-ပ)

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြှောက်နဲ့
* ချောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

အီရတ်နိုင်ငံ ရှီးယားမွတ်စလင်တို့၏ ဘာသာရေး အထွတ်အမြတ်မြို့ဖြစ်သော နာဂျက်ဖ်မြို့ရှိ ဗလီအနီးတွင် ဩဂုတ် ၂၉ ရက်က ကားဗုံး ပေါက်ကွဲသဖြင့် သေဆုံးသူ ၇၅ ဦးတွင် အီရတ် အစ္စလမ္မစ်တော်လှန်ရေး ဦးဆောင်ကောင်စီဥက္ကဋ္ဌ အယာတိုလာမိုဟာမက်ဘာကာအယ်ဟာကင်မ် ပါဝင်သည်။

အယာတိုလာဟာကင်မ်သည် အီရတ် ပြည်သူလူထုအတွင်း သွေးစည်း ညီညွတ်ကြရန် နှိုးဆော်တိုက်တွန်းနေသူဖြစ်သည်။ ဟာကင်မ်၏ဈာပန စီတန်းလှည့်လည်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက်က တွေ့ရစဉ်။ (ဝဲပုံ)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တစ်ခွင် ထူးခြားဖြစ်စဉ် ပုံရိပ်များ

အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့

အီရတ်နိုင်ငံတွင် အမေရိကန်ခန့်အပ်သော အုပ်ချုပ်ရေးကောင်စီသည် အဖွဲ့ဝင် ၂၅ ဦးပါ ဝန်ကြီးအဖွဲ့သစ်ကို စက်တင်ဘာ ၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အီရတ် အမျိုးသားညီညွတ်ရေးအဖွဲ့ ခေါင်းဆောင် နော်ရီဘဲ့ရန်သည် လုံခြုံရေးဆိုင်ရာ ဝန်ကြီးအဖြစ် တာဝန်ယူသည်။ အီရတ်နိုင်ငံတွင် အီရတ်လူမျိုးများဖြင့် ဖွဲ့စည်းထားသော အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့ကိုလည်း ထူထောင်လိုက်ပြီဖြစ်သည်။

ယာပုံတွင် အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ မြို့တော်ဘဂ္ဂဒက် အနောက်မြောက်ဘက်မိုင် ၁၁၀ အကွာ တီကရစ်မြို့ရှိ လမ်းများပေါ်၌ စက်တင်ဘာ ၅ ရက်က ပထမဆုံးအကြိမ် ကင်းလှည့် စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့အား ခုခံတွန်းလှန်သည့် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ဆက်ဒမ်ဟူစိန်အား သစ္စာခံသူများနှင့် ပြည်ပမှဖြစ်သော ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်စစ်သည်များကို ချုံခိုတိုက်ခိုက်မှုများ နေ့စဉ်လိုလို ဖြစ်ပွားလျက်ရှိသဖြင့် အမေရိကန်ရော ဗြိတိန်ကပါ လုံခြုံရေးအခြေအနေကို ပြန်လည်သုံးသပ်နေရသည်။

(အပေါ်ပုံ)

အမေရိကန်သည် အီရတ်စစ်ဆင်ရေး လုပ်ငန်းများအတွက် ယခုအခါ လစဉ် ဒေါ်လာ သန်း ၄၀၀၀ ထိ သုံးစွဲနေရပြီး အပိုဆောင်း စစ်စရိတ်များကိုလည်း ထပ်မံကုန်ကျနိုင်သဖြင့် စစ်စရိတ်ဆိုင်ရာ ကုန်ကျနိုင်မှု အခြေအနေကို အစိုးရက ထုတ်ဖော်ပြောဆိုရန် အမေရိကန် ကွန်ဂရက်လွှတ်တော်တွင် ဖိအားပေးမှုများ မြင့်တက်လျက်ရှိသည်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှစစ်သချိုင်း ဘာဆရာတွင် တည်ဆောက်

အမေရိကန် စစ်ဘက်ယာဉ်တန်း တံတားပေါ်ဖြတ်သန်းစဉ် ဗုံးကွဲ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် မြို့လယ်ဒေသတွင် တည်ရှိသော တိုက်ဂရစ်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် ဂျမ်ဟူရီယာ တံတားပေါ်တွင် စက်တင်ဘာ ၈ ရက်က အမေရိကန်ကြည်းတပ်မှ မော်တော်ယာဉ်တန်း တစ်တန်း ဖြတ်သန်းမောင်းနှင်စဉ် တံတားပေါ်၌ ထောင်ထားသည့် ဗုံးတစ်လုံးပေါက်ကွဲခဲ့သဖြင့် အမေရိကန်စစ်သည်နှစ်ဦး ဒဏ်ရာရရှိခဲ့ရသည်။ အီရတ်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်မှုပြီးဆုံးပြီဟု သမ္မတဘုရှ်က ကြေညာခဲ့ချိန်နောက်ပိုင်း အမေရိကန်စစ်သည် ၁၄၉ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ပိုမို ဆိုးရွားလာပြီးနောက် ဗြိတိန် ကာကွယ်ရေးဝန်ကြီး ဂျက်ဟွန်းက အီရတ်ရှိ ဗြိတိသျှစစ်သည် အင်အားအခြေအနေကို ပြန်လည်သုံးသပ်ရန် ညွှန်ကြားထားသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံသည် အီရတ်သို့ နောက်ထပ်စစ်သည်များ ပေးပို့စေလွှတ်ရန် ဆုံးဖြတ်ခြင်းမရှိဟု ဝန်ကြီးချုပ် တိုနီဘလဲက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင်ဗြိတိသျှ စစ်သချိုင်းတစ်ခုကို တည်ဆောက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိစဉ်။ (ယာပုံ)

(ဓာတ်ပုံ-အင်တာနက်)

ဒေါ်နယ်ရမ်းစဖဲလ် အီရတ်မှမထွက်ခွာမီ နာရီပိုင်းအလို အမေရိကန် ပို့ဆောင်ရေးလေယာဉ် ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၈

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်သည် အီရတ်နိုင်ငံမှ လေယာဉ်ဖြင့်မထွက်ခွာမီ နာရီပိုင်းအတွင်း မည်သူမည်ဝါမှန်းမသိရသည့် ပြောက်ကျားများက ဘဂ္ဂဒက်လေဆိပ်မှ ပျံတက်လာသော အမေရိကန်သယ်ယူ ပို့ဆောင်ရေး လေယာဉ်တစ်စင်းကို ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ကြကြောင်းဖြင့် စစ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ပြောက်ကျားများ ပစ်ခတ်သည့် ဒုံးကျည်များမှာပစ်မှတ်ကိုမထိသောကြောင့် အပျက်အစီးလည်း မရှိပေ။

ထိခိုက်မှု မရှိ

လေယာဉ်အား ထိခိုက်မှု မရှိသော်လည်း ဒုံးကျည်အစင်း အများအပြားဖြင့် တိုက်ခိုက်ကြကြောင်း အမေရိကန် စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးကပြောကြားသည်။

ဒေါ်နယ်ရမ်းစဖဲလ်သည် အီရတ်လေဆိပ်မှတစ်ဆင့် ကူဝိတ်နိုင်ငံသို့ လေယာဉ်ဖြင့် သွားရောက်သည်ဟု ယူဆရသည်။ သို့ရာတွင် အမေရိကန် စစ်ဘက်က ရမ်းစဖဲလ်၏ ဘဂ္ဂဒက် အတွင်းအပြင် ခရီးစဉ် အတိအကျနှင့် ပတ်သက်၍ ဝေဖန်ချက်ပေးရန် ငြင်းဆန်လျက်ရှိသည်။

လွတ်ခဲ့

မည်သို့ပင်ဖြစ်စေကာမူ ရမ်းစဖဲလ်သည် ဒုံးကျည်နှစ်စင်း၏ဘေးအန္တရာယ်မှလွတ်ခဲ့ရပြီး ယင်းပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှု မရှိခဲ့ကြောင်း စစ်ဘက်က ဆက်လက်ပြောကြားသည်။

တတိယမြောက်

အမေရိကန်သမ္မတဂျော့ဂျ်၊ဘုရှ်က အီရတ်နိုင်ငံသိမ်းပိုက်ပြီး အီရတ်နိုင်ငံတွင် အဓိကတိုက်ပွဲကြီးများအဆုံးသတ်သွားကြောင်း မေ ၁ ရက်ကကြေညာပြီးသည့်နောက် ဖော်ပြပါ ဖြစ်ရပ်မှာ တတိယ အကြိမ်မြောက် ဖြစ်ပွားခြင်း ဖြစ်သည်။ ဘဂ္ဂဒက် လေဆိပ်အား လုံခြုံရေးအရ စိတ်မချရသည့် အခြေအနေရှိသောကြောင့် အီရတ်စစ်ပွဲဖြစ်ပွားကတည်းက ပိတ်ထားခဲ့သည်။ သို့ရာတွင် ကုလသမဂ္ဂနှင့် အခြားလူသားချင်း စာနာထောက်ထားရေး အကူအညီပေးအဖွဲ့များက ဘဂ္ဂဒက်မြို့တွင်း၊ မြို့ပြင်လေယာဉ်စင်းလုံးငှား ပျံသန်းရေးအတွက် အသုံးပြုနေခြင်း ဖြစ်သည်။

ဖော်ပြပါ တိုက်ခိုက်မှုများအား အမှန်အကန်တားဆီးနိုင်သည့်လမ်းစဉ် မရှိကြောင်း စစ်ဘက်မှ ဒုတိယမြောက် ပြောရေးဆိုခွင့်ရှိသူက ဝန်ခံပြောဆိုထားသော်လည်း လေယာဉ်အား ဒုံးကျည်ဖြင့် အပစ်ခံရသည့် အန္တရာယ်နှင့်စပ်လျဉ်း၍ လျှော့ချပြောကြားသွားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာလေဆိပ်

အမေရိကန် သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းအား ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် ဘဂ္ဂဒက်နိုင်ငံတကာ လေဆိပ်ကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကျူးကျော်ခြင်း၏ အကျိုးသက်ရောက်မှု အလုပ်အကိုင်မရ၍ နာဂျက်ဖ်၌ ဆန္ဒပြ

နာဂျက်ဖ်(အီရတ်) စက်တင်ဘာ ၈

နာဂျက်ဖ်မြို့ရှိ လူအများစုမှာ အလုပ်မရှိကြ၊ မပြေလည်ကြပေ။ ဂျဘာအယ်လ်ခါဖာဂျီက သူ့တွင် အလုပ်မရှိကြောင်း မကျေမနပ် ပြောကြားနေသည်ကို အီရတ်နိုင်ငံ၏ ဘာသာရေးအရ မြင့်မြတ်သည့် နာဂျက်ဖ်မြို့ အုပ်ချုပ်ရေးမှူးက စိတ်ရှည်လက်ရှည်ဖြင့် နားထောင်လျက်ရှိသည်။

မိမိတွင် အိမ်ထောင်စုဝင် အများအပြားရှိကြောင်း၊ မိသားစုတွင် ၉၀ ရာခိုင်နှုန်းမှာ အလုပ်အကိုင် မရှိကြကြောင်းဖြင့် အမေရိကန် ခန့်အပ်သည့် အုပ်ချုပ်ရေးမှူးအား မကျေနပ်၍ ဆန္ဒပြသူ ရာနှင့်ချီရှိသည့် ရှီးယားမွတ်စလင်များအနက် တစ်ဦးဖြစ်သူ ခါဖာဂျီက ပြောကြားသည်။

၎င်းဆန္ဒပြသူများအား ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြေရှင်းရန်အတွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဖိတ်ခေါ်ထားခြင်း ဖြစ်သည်။

ချွေးသိပ်ကြ

မိမိတို့ သည်နေရာ သည်ဒေသသို့ ရောက်ရှိလာသည်မှာ လေးလကြာမြင့်ပြီဖြစ်ကြောင်း၊ မိမိတို့အား ဖြစ်ရပ်တစ်ခုပြီးတစ်ခု ပြောကြားပြီး ချွေးသိပ်ကြကြောင်း၊ သူတို့က မိမိတို့အား ကတိကဝတ်များ ပေးကြကြောင်း ခါဖာဂျီက ပြောကြားသည်။

ဆက်ဒမ်ဟူစိန်လက်ထက်ကထက် အမေရိကန် ဦးဆောင်အုပ်ချုပ်ရေးအဖွဲ့၏ လစာကအဆပေါင်းများစွာပေးနေသည့် ပြည်သူပိုင်ဌာနများမှ ရာထူးနေရာများအတွက် ထောင်ချီရှိသော အီရတ်ပြည်သူများ အကြိတ်အနယ်ယှဉ်ပြိုင်လျှောက်ထားနေစဉ် စစ်တပ်မှ အလုပ်လက်မဲ့များအတွက် လုပ်ငန်းရရှိရန် အာမခံချက်ပေးနေရခြင်းသည်ကြောက်စရာကောင်းလှသည့်အခြေသို့ဆိုက်ရောက်နေကြောင်းနာဂျက်ဖ်အုပ်ချုပ်ရေးမှူးအယ်လ်မေယာလီက ဝန်ခံပြောကြားသည်။

လာမည့်နှစ်စပိုင်းမတိုင်မီတွင် အခြေအနေများတိုးတက်လာမည်ဆိုသည်ကို မိမိသံသယဖြစ်နေကြောင်း ၎င်းက ပြောကြားသည်။

မြင့်တက်

နာဂျက်ဖ်မြို့သည် အမေရိကန်ဦးဆောင်သည့်တပ်သားများ၏ ကျူးကျော်သိမ်းပိုက်မှု၏ အကျိုးသက်ရောက်မှုကို အတန်အသင့်သာကြုံတွေ့ခဲ့ရသည်။ သို့ရာတွင် အလုပ်အကိုင်ရှားပါးမှုနှင့် အခြားဝန်ဆောင်လုပ်ငန်းများ ပြတ်လပ်မှုကြောင့် မကျေနပ်မှုအရှိန်သည် မြင့်တက်လျက်ရှိသည်။

အီရတ်နိုင်ငံသားများက အုပ်ချုပ်ရေးရုံးခန်းသို့ ခြေချင်းလိမ်အောင် စုပြုံရောက်ရှိလာပြီး လုပ်ငန်းရရှိရေးရာပုံတော်ဖွင့် ပြဿနာတပြုံတခေါင်းကြီး ဆောင်ကြဉ်းလာကြရာ နာဂျက်ဖ်အုပ်ချုပ်ရေးမှူးမေယာလီက မကျေနပ်မှုဇာစ်မြစ်များကို နေ့စဉ်သုံးသပ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ် တည်ဆောက်ရေး ငွေကြေးထည့်ဝင်ရန် သမ္မတဘုရှ် တိုက်တွန်း မဟာမိတ်နိုင်ငံများကကူညီရန် လိုလိုလားလားမရှိဘဲ တုံ့နှေးနေ

တိုကျို စက်တင်ဘာ ၈

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ငွေကြေးထည့်ဝင်ကြပါရန် အမေရိကန်သမ္မတဘုရှ်က တိုက်တွန်းနှိုးဆော်ထားသော်လည်း အမေရိကန်နိုင်ငံ၏ မဟာမိတ်များက တုံ့နှေးလျက်ရှိသည်ကို တနင်္လာနေ့က တွေ့ရသည်။

အမေရိကန်အစိုးရနှင့်ပတ်သက်၍ လက်နှေးလေ့မရှိသည့် ဂျပန်နိုင်ငံက ဤအရေးတွင် ငွေကြေးကူညီ ထည့်ဝင်ရန် လိုလိုလားလားမရှိပေ။ အခြားနိုင်ငံများကမူ စစ်ပြီးကာလ အီရတ်ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုပါဝင်လာစေရန် မြင်တွေ့လိုကြောင်း ထုတ်ဖော်ပြောကြားကြသည်။

ချက်ချင်းမတုံ့ပြန်

ဂျပန်နိုင်ငံ အာဏာရပါတီ ခေါင်းဆောင်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရရေး မဲဆွယ်ပွဲများ စတင်ကာ အလုပ်များနေသည့် ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ချက်ချင်းတုံ့ပြန်ခြင်းမပြုချေ။

နားလည်သဘောပေါက်

ဝန်ကြီးချုပ် ကိုအိဇုမိ၏ ထိပ်တန်း ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကသာလျှင် အီရတ်နိုင်ငံ လုံခြုံရေးနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုတွင် ငွေထည့်ဝင်ကြရန် သမ္မတဘုရှ်၏ ဂျပန်နှင့် ဥရောပနိုင်ငံများအား တိုက်တွန်းနှိုးဆော်ချက်ကို နားလည်သဘောပေါက်ပါကြောင်းဖြင့် ထုတ်ဖော်ပြောဆိုသည်။

ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိသည် အခြားသော နိုင်ငံ့ခေါင်းဆောင်များကဲ့သို့ အမေရိကန်သမ္မတ ဘုရှ်အား ထောက်ခံရန် ခက်ခဲနေသည်။

သဘောထားကွဲပြား

ဂျပန်တပ်သားများ အီရတ်သို့စေလွှတ်ရန် ဂျပန်နိုင်ငံက ခွင့်ပြုနိုင်ရေး ဥပဒေသစ်ပြဋ္ဌာန်းရန် ဝန်ကြီးချုပ် ကိုအိဇုမိက တိုက်တွန်းကြိုးပမ်းထားသော်လည်း ဂျပန်တပ်စေလွှတ်ရေးတွင် ဂျပန်ပြည်သူတို့မှာ သဘောထားကွဲပြားလျက် ရှိသေးသည်။

အီရတ်၌ ဂျပန်စစ်သားများ သေဆုံးလျှင် ဝန်ကြီးချုပ်ကိုအိဇုမိအတွက် နိုင်ငံရေးထိခိုက်စရာ ဖြစ်လာလိမ့်မည် ဖြစ်သည်။ ***အင်တာနက်။***

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးကို တရုတ်ပြည်တွင် ဆောင်ရွက်လျက်ရှိရာ တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ မြို့တော်လာဆာမှ ပိုတာလာနန်းတော်ကိုလည်း ထိန်းသိမ်းပြုပြင်လျက်ရှိသည်။ (ဓာတ်ပုံ–ဆင်ဟွာ)

မူးယစ်ဆေးဝါးပြစ်မှုဖြင့် နိုင်ဂျီးရီးယား၌ လူ ၂၄၀ ကို တရားစွဲဆို

လေဂို့စ် စက်တင်ဘာ ၇

ယခုနှစ်ပထမနှစ်ဝက်အတွင်း နိုင်ဂျီးရီးယားနိုင်ငံ၌ မူးယစ်ဆေးဝါးပြစ်မှုများဖြင့် လူ ၂၄၀ ဦးကို တရားစွဲဆို အပြစ်ပေးခဲ့ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေး ဥပဒေကျင့်သုံးရေးအေဂျင်စီ (အင်ဒီအယ်အီးအေ)က စနေနေ့တွင် ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

အဆိုပါ ကိန်းဂဏန်းက ဇန်နဝါရီလမှ ဇွန်လအတွင်း အင်ဒီအယ်အီးအေက ဖမ်းဆီးမိခဲ့သူ မူးယစ်ဆေးဝါးမှောင်ခိုသမား ၁၂၈၄ ဦးအနက် ၂၄၀ ဦးကို တရားစွဲအပြစ်ပေးခဲ့ခြင်း ဖြစ်သည်။

ပိုမိုများပြားလာ

ယခုနှစ်ပထမခြောက်လအတွင်း ဖမ်းဆီးမိခဲ့သည့် မူးယစ်ဆေးဝါးမှောင်ခိုသမား အရေအတွက်သည် ၂၀၀၂ ခုနှစ်အလားတူကာလကထက်ဖမ်းဆီးမိခဲ့သည့် ၅၄၄ ဦးထက် ၇၄၀ ဦး ပိုမိုများပြားလာခြင်းဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် မူးယစ်ဆေးဝါးပြစ်မှုများဖြင့် လူ ၈၇၀ ဦးကို တရားစီရင်အပြစ်ပေးခဲ့ကြောင်း ကိန်းဂဏန်းများအရ သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်အနောက်မြောက်ဘက်၌ ပစ်ခတ်မှုဖြစ်ပွား ကလေးနှစ်ဦး သေနတ်ကျည်ထိမှန်ကာ သေဆုံး

ဖော်လူဂျာ စက်တင်ဘာ ၉

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အနောက်မြောက်ဘက်ဒေသတွင် ရဲတပ်ဖွဲ့ဝင်များနှင့် သူခိုးများအကြား အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ကလေးငယ်နှစ်ဦးသေဆုံးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက တနင်္လာနေ့တွင် ပြောကြားကြသည်။

အပြန်အလှန်ပစ်ခတ်

ဘဂ္ဂဒက်အနောက်မြောက်ဘက် ၃၂ မိုင်အကွာ ဖော်လူဂျာမြို့ရှိ အဓိကလမ်းတစ်လမ်းပေါ်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် သူခိုးများအကြား အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားစဉ် အသက် (၁၁)နှစ်အရွယ်ရှိ ယောကျ်ားလေးတစ်ဦးနှင့် အသက်ကိုးနှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးတို့ သေနတ်ထိမှန် သေဆုံးခဲ့ရကြောင်း သိရသည်။

တနင်္ဂနွေနေ့က ဖြစ်ပွားသော ယင်းဖြစ်ရပ်တွင် ရဲတပ်ဖွဲ့ဝင်များရောသူခိုးများပါ ထိခိုက်မှုမရှိပေ။ ရဲတပ်ဖွဲ့သည် မော်တော်ကားများကို ခိုးယူခဲ့မှုနှင့် ဘဏ်များ၌ ဖောက်ထွင်းခိုးယူခဲ့မှု စွဲချက်များဖြင့် သင်္ကာမကင်းဖွယ်ရာ လူနှစ်ဦးကို ဖမ်းဆီးခဲ့သည်။

ကသောင်းကနင်း

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်အစိုးရအဖွဲ့ ပြုတ်ကျသွားချိန်မှစ၍ နိုင်ငံတစ်ဝန်းတွင် တရားဥပဒေစိုးမိုးမှု ပျက်ပြားကာ ကသောင်းကနင်း အခြေအနေများ ဖြစ်ပေါ်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

စက်တင်ဘာ ၈ ရက် နံနက်လင်းအားကြီးအချိန်က ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် မိုင်၁၁၀ အကွာ တီကရစ်မြို့တွင် အသင့်အနေအထားဖြင့် ချိန်ရွယ်နေသည့် အမေရိကန်တပ်သားများအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ပြောက်ကျားများက ဖောက်ခွဲပစ္စည်းများဖြင့် တိုက်ခိုက် ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်သားနှစ်ဦး ဒဏ်ရာရရှိသွား

ဘဂ္ဂဒက် စက်တင်ဘာ ၈

အမေရိကန်တိုက်ကင်းအဖွဲ့တစ်ဖွဲ့သည် ပြီးခဲ့သော တနင်္လာနေ့က ဘဂ္ဂဒက်မြို့ရှိ လိုဏ်ခေါင်းတစ်ခုအတွင်း ဝင်ရောက်လုဆဲဆဲအချိန်တွင် ပြောက်ကျားများက ဖောက်ခွဲရေးပစ္စည်းများဖြင့် ချုံခိုတိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုကြောင့် စစ်သားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်သတင်းကဆိုသည်။

ထိုအဖြစ်အပျက်ကြောင့် ဟမ်းဗီးစစ်ကားနှစ်စီး ပျက်စီးသွားခဲ့သည်။ တစ်စီးမှာ တိမ်းမှောက်သွားပြီး မီးလောင်သွားသည်။

ပြောကြား

အမေရိကန်တပ်ဖွဲ့များသည် အီရတ်နိုင်ငံ၌ရှိစဉ် ၂၄နာရီအချိန် အတောအတွင်း စစ်သည်တစ်ဦး တစ်ယောက်မျှ ဒဏ်ရာရခြင်း၊ သေဆုံးခြင်း မရှိသည့်ရက်ကို ကုန်လွန်နိုင်ခဲ့ခြင်း မရှိသေးကြောင်း တနင်္ဂနွေနေ့ မွန်းလွဲပိုင်း၌ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီးဂျော့ကရီဗိုက ပြောကြားသည်။

ပြီးခဲ့သော တနင်္လာနေ့ အရုဏ်တက်ချိန်မတိုင်မီက အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ ကျော်တို့သည် တီကရစ်မြို့ရှိ အိမ်များကို ဝင်ရောက်စီးနင်းခဲ့ကြသည်။ ဆက်ဒမ်အား သစ္စာခံသူများ၊ အမေရိကန်များအား တိုက်ခိုက်နေသူများကို ငွေကြေးထောက်ပံ့နေသူများ၊ ညှိနှိုင်း စီစဉ်ပေးသူများကို ရှာဖွေကြခြင်းဖြစ်သည်။

ထိုစီးနင်းမှုတွင် အလိုရှိနေသူလေးဦးကိုဖမ်းဆီးမိခဲ့သည်ဟု စစ်ဘက်သတင်းများက ဆိုသည်။ စီးနင်းကြရာ၌ တပ်ခွဲသုံးခွဲ ပါဝင်သည်။ အမှတ်(၁)တပ်ရင်း၊ အမှတ် (၂၂) တပ်ရင်းနှင့် အမှတ် (၄) တပ်ရင်းတို့ ပါဝင်သည်။ ၎င်းတို့သည် ဟမ်းဗီးယာဉ်များ၊ ဘရက်ဒလေ တိုက်ခိုက်ရေးယာဉ်များနှင့် ငါးတန်ထရပ်ကားများကို အသုံးပြုခဲ့ကြသည်။

ပစ်မှတ်ထား

အမှတ်(၁)တပ်ရင်းမှ စစ်ဦးစီးမှူး ဒုတိယဗိုလ်မှူးကြီး စတီဗီရပ်ဆဲလ်က မိမိတို့သည် အမေရိကန်ဦးဆောင်သောတပ်များနှင့် အစိုးရအရာရှိများကို တိုက်ခိုက်နေသူများကို ပစ်မှတ်ထားစီးနင်းကြခြင်းဖြစ်သည်ဟု ပြောကြားသည်။

ဖမ်းမိရန်ရည်ရွယ်

တီကရစ်မြို့ဝန်းကျင်ရှိ တိုက်ခိုက်မှုများကို ငွေကြေးထောက်ပံ့နေသည်ဟု သံသယရှိသူ ခြောက်ဦးကို ဖမ်းမိရန်ရည်ရွယ်သည်။ ယင်းအနက် အနည်းဆုံး နှစ်ဦးမှာ ၎င်းတို့၏ နေအိမ်များတွင်မရှိကြဟု ဗိုလ်မှူးကြီး ဂျိမ်းဟစ်ကီက ပြောကြားသည်။ ပြီးခဲ့သော တနင်္ဂနွေနေ့က ဒူဘိုင်းနိုင်ငံ အခြေစိုက် အယ်အာရေဗီးယား ရုပ်သံဌာနက အယ်လ်ခိုင်ဒါအဖွဲ့နှင့် ပတ်သက်သည့် သတင်းကို ထုတ်လွှင့်သွားသည်။ ထုတ်လွှင့်သွားသော တိပ်ခွေမှာ အဗ္ဗဒူရာမန်အယ်နာဒီထံမှရသော အခွေဟု မှတ်ယူရသည်။ ၎င်းကို အယ်လ်ခိုင်ဒါ အဖွဲ့အတွက် ဝါဒဖြန့်ပေးသူ၊ ငွေကြေးထောက်ပံ့သူအဖြစ် စွပ်စွဲထားသည်။

ပါဝင်ခြင်းမရှိ

တိပ်ခွေမှ အသံရှင်က နာဂျက်ဖ်မြို့တွင်ဖြစ်ပွားသည့် အယာတိုလာ မိုဟာမက် ဘာကာအယ်ဟာခင်မ်အား ဗုံးခွဲလုပ်ကြံမှုတွင် မိမိတို့ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း၊ မိမိတို့သည်အမေရိကန်များကိုသာ တိုက်ခိုက်သုတ်သင်ရန် ရည်ရွယ်ထားကြောင်း ထုတ်ဖော် ကြေညာသွားသည်။ ***အင်တာနက်။***

ပါကစ္စတန်၌ မိုးကြိုးပစ် လူ ၂၇ ဦး သေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၈

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း အစွန်ဖျားဒေသတွင် သောကြာနေ့ညက မိုးကြိုးများပစ်သဖြင့် အနည်းဆုံး လူ ၂၇ ဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

အစ္စလမ္မာဘတ် မြို့တော်၏ အနောက်မြောက်ဘက် ၁၁၈ မိုင် အကွာရှိ တောတောင်ထူထပ်သည့် ဒီယာခရိုင်ရှိ ကျေးရွာတစ်ရွာကို မိုးကြိုးပစ်ချခဲ့ရာ လူ ၁၆ ဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင် ပါကစ္စတန်ရေဒီယိုက စနေနေ့တွင်ထုတ်လွှင့်သည်။ အဆိုပါဒေသ၌ပင် အခြားကျေးရွာတစ်ရွာ၌ မိုးကြိုးပစ်ခံရသဖြင့် လူ ၁၁ ဦး သေဆုံးခဲ့ရသည်။ မိုးကြိုးများပစ်ခံရသဖြင့် အိမ်အချို့ပျက်စီးခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စက်တင်ဘာ ၈ ရက်က ဘဂ္ဂဒက်မြို့ ကုန်လှောင်ရုံတစ်ခုတွင် ထရပ်ကားတစ်စီးပေါ်သို့ ဂျုံအိတ်များတင်ရန် ပြင်ဆင်နေသည့် အီရတ်အလုပ်သမားများအားတွေ့ရစဉ်။ (ပင်လယ်ကွေ့စစ်ပွဲ မတိုင်မီက ရပ်ဆိုင်းခဲ့သော အမေရိကန်ဒေါ်လာ ၁၉၅ သန်းဖိုးရှိ ဂျုံကန်ထရိုက်စာချုပ်များကို လိုက်နာရန် အသင့်ရှိကြောင်း ဩစတြေးလျနိုင်ငံက ပြောကြားထားသည်။) *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နိုင်ငံကို ဗင်နီဇွဲလားသမ္မတ သတိပေး အချုပ်အခြာအာဏာ လေးစားလိုက်နာရမည်ဟု ပြောကြား

ကရာကာ့စ်(ဗင်နီဇွဲလား) စက်တင်ဘာ ၈

ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး ချားလ်စ်ရှာမီရိုက ဗင်နီဇွဲလား လက်ဝဲခေါင်းဆောင်၏ အုပ်ချုပ်မှုနှင့်ပတ်သက်၍ လူထုဆန္ဒခံယူပွဲ ကျင်းပမှု ပြုသင့်၊ မပြုသင့်ကို ဆုံးဖြတ်ရမည့် ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးခဲ့ပြီးနောက်တွင် ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်ခြင်းမပြုရန် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အမေရိကန်နိုင်ငံအား တနင်္ဂနွေနေ့က သတိပေးလိုက်သည်။

ရှာမီရိုက ဗင်နီဇွဲလားနိုင်ငံ၌ လူထုဆန္ဒခံယူပွဲ ကျင်းပပေးရန် အတိုက်အခံတို့၏ အသနားခံလွှာကို စဉ်းစားသုံးသပ်နေသည့် ဗင်နီဇွဲလား အမျိုးသားရွေးကောက်ပွဲကျင်းပရေးကောင်စီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ချာဗက်ဇ်က ယင်းကဲ့သို့ သတိပေးလိုက်ခြင်းဖြစ်သည်။

လေးစားလိုက်နာ

ဗင်နီဇွဲလားနိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့်နိုင်ငံဖြစ်ရာ အမေရိကန်သံအမတ်ကြီးနှင့် အမေရိကန်အစိုးရက လေးစားလိုက်နာရမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့ ရုပ်မြင်သံကြား အစီအစဉ်မှနေ၍ ချာဗက်ဇ်က ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

အီရတ်ကလေးသူငယ်များ ရောဂါထူပြော စစ်မဖြစ်မီကထက် ယခုအခါပိုမိုဆိုးရွား

ဘဂ္ဂဒက် စက်တင်ဘာ ၈

အီရတ်နိုင်ငံမှ ကလေးသူငယ်များမှာ ၁၉၉၁ ခုနှစ် ပထမပင်လယ်ကွေ့စစ်ပွဲပြီးဆုံးပြီးနောက် အီရတ်နိုင်ငံအား အရေးယူပိတ်ပင်မှုကြောင့် ပထမဆုံးခါးစာခံဘဝသို့ ရောက်ရှိခဲ့ပြီး ဆက်ဒမ်ဟူစိန်အစိုးရက အမေရိကန်ဦးဆောင်သည့်တပ်များအား ဖယ်ရှားပြီးချိန်၌လည်း ခါးသီးသည့် အတွေ့အကြုံများကို အခံစားရဆုံးဖြစ်ကြရသည်။

ပိုမိုဆိုးရွား

ယခုအခါ အီရတ်ကလေးသူငယ်များမှာ ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်း၊ ရောဂါပိုးကူးစက်ဖြစ်ပွားခြင်းနှင့် အာဟာရချို့တဲ့မှုများ ခံစားကြရသည့်ပြင် အခြားသောရောဂါများဖြစ်ပွားကြရသည်။ ယင်းရောဂါဘယများမှာ ဆင်းရဲမှုကိုအကြောင်းခံ၍ ဖြစ်ပွားခံစားရခြင်းဖြစ်သည်။ လက်ရှိအခြေအနေမှာ အီရတ်ကလေးသူငယ်များအဖို့ စစ်မဖြစ်မီကထက်ပင် ကျန်းမာရေး ပိုမိုဆိုးရွားစွာ ခံစားကြရသည်ဆို၏။ ***အင်တာနက်။***

ဂျပန်ဦးနှောက် အမြေးရောင်ရောဂါ နီပေါနိုင်ငံ၌ ဖြစ်ပွား

ခတ္တမန္ဒူ စက်တင်ဘာ ၈

နီပေါနိုင်ငံဒေသ အနှံ့အပြားတွင် ယခုနှစ် ယခုအချိန်ထိ ဂျပန်ဦးနှောက် အမြေးရောင်ရောဂါကြောင့် လူ ၆၉ ဦး သေဆုံးခဲ့ရကြောင်း နီပေါကျန်းမာရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ယင်းရောဂါခံစားနေရသည့် လူ ၃၃၀ သည် ယခုနှစ်ဆန်းပိုင်းမှ စတင်ကာ နီပေါနိုင်ငံတစ်ဝန်း ဆေးရုံများနှင့်ကျန်းမာရေးဌာန ၁၅ ခုသို့ ဆေးဝါးများ ကုသမှုခံယူခဲ့ကြောင်းနှင့် အဆိုပါလူများအနက် ၆၉ ဦးမှာ ယင်းရောဂါကြောင့်သေဆုံးခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါနှင့်ရောဂါထိန်းချုပ်ရေးဌာနခွဲက ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရသည်။ ဂျပန်ဦးနှောက် အမြေးရောင်ရောဂါကြောင့် ၁၉၇၃ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ နီပေါနိုင်ငံ၌ လူ ၂၆၀၂ ဦး သေဆုံးခဲ့သည်ဟု စာရင်းဇယားများအရ သိရသည်။ အဆိုပါကာလအတွင်း ယင်းရောဂါဖြစ်ပွားသူ ဦးရေမှာ ၁၆၄၉၅ ဦး ရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမျိုးမှန်မှ အဖိုးတန်မည်

ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာတို့သည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ဘုရင်၊ ကိုယ့်အရှင်တို့နှင့် နေထိုင်ခဲ့သည့် လူမျိုးဖြစ်ပါသည်။ ကိုယ့်မြေ၊ ကိုယ့်ရေတွင်ရှိသော ဆေးဖက်ဝင် အပင်များကိုသုံးစွဲ၍ မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် ကိုယ့်ကျန်းမာရေးကို ကိုယ်စောင့်ရှောက်ခဲ့သည့် လူမျိုးဖြစ်ပါသည်။ မြန်မာသမားတော်ကြီးများသည် မိမိတို့ တာဝန်ယူကုသပေးသော လူနာအတွက် လိုအပ်သော ဆေးဝါးများကို မိမိတို့ကိုယ်တိုင် ရှာဖွေဖော်စပ်၍ လူနာ၏လိုအပ်ချက်နှင့်အညီ ကိုယ်ဖိရင်ဖိ ကုသပေးကြောင်း သိရပါသည်။ လူနာ၏ရောဂါဖြစ်ကြောင်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည့် ဓာတ်ကိုပေး၊ မလိုအပ်သည့်ဓာတ်ကို နှုတ်စေသောဂှာ ဓာတ်ငါးပါး၊ ဒေါသ သုံးပါး မျှတစေရေးအတွက် လိုအပ်သလိုဖော်စပ်ပြီး ဉာဏ်ပညာဖြင့် ချင့်ချိန်တိုက်ကျွေးရကြောင်းကိုလည်း ရှေးဆေးကျမ်း၊ ပေ၊ ပုရပိုက်များအရ သိရှိရပါသည်။

နောင်အခါတွင် လူနာကို အလွယ်တကူပေးနိုင်ရန် လိုအပ်သည့်ဆေးများကို ကြိုတင် ဖော်စပ်ထားပါသည်။ ထိုသို့ ဖော်စပ်ထားရသည်မှာလည်း အချို့ ပရဆေးကုန်ကြမ်းဟုခေါ်သည့် ဆေးဖက်ဝင်အပင်များ၊ တိရစ္ဆာန်များ၊ ဓာတ်သတ္တုများသည် ရှာဖွေရခက်ခဲသောကြောင့် ရရှိသော အချိန်တွင် ကြိုတင် ဖော်စပ်ထားရပါသည်။ လူနာရှိ၍ လိုအပ်ပါကလိုအပ် သည့်ဆေးကို ထုတ်၍ သုံးကြကြောင်းကိုလည်း မှတ်တမ်းမှတ်ရာများအရ သိရှိရပါသည်။ ထိုဆေးများကို သမားကိုင်ဆေးဟု ခေါ်ဆိုနိုင်ပါသည်။ သမားတော်ကြီးများ ကိုယ်တိုင် ဖော်စပ်၍ မိမိလူနာကို မိမိတို့ပညာဖြင့် ချင့်ချိန်ပေးသောကြောင့် ဖြစ်ပါသည်။ သို့သော် တဖြည်းဖြည်းနှင့် သမားကိုင်မဟုတ်သော ဆေးဝါးများ ဥပမာအားဖြင့် အစာကြေဆေး၊ အကိုက်အခဲပျောက်ဆေး၊ အဖျားပျောက်ဆေးဟု ပြည်သူအများ လွယ်လင့်တကူ ဝယ်ယူသုံးစွဲနိုင်ရန် ဖော်စပ်ထုတ်လုပ် ရောင်းချလာကြကြောင်း တွေ့ရှိရပါသည်။ သမားတော်ကြီးများ ကိုယ်တိုင် ထုတ်လုပ်ရောင်းချသကဲ့သို့ စီးပွားရေးသမားများကလည်း မိမိတို့၏ ဘေးဘိုးစဉ်ဆက်က သုံးခဲ့သော ဆေးနည်း၊ ဆေးကျမ်းများက ဖော်ပြထားသော ဆေးနည်းစသည်တို့အပေါ် မှီငြမ်း၍ ဆေးဝါးများကို ထုတ်လုပ်ရောင်းချလာပါသည်။ ထိုသို့ စီးပွားဖြစ် ထုတ်လုပ်ရောင်းချသူများအနေဖြင့် မိမိတို့ ထုတ်လုပ်ရောင်းချသော တိုင်းရင်းဆေးဝါးများတွင်ထည့်သွင်း ဖော်စပ်သော ပရဆေးကုန်ကြမ်းများ ရှားပါး၍လည်းကောင်း၊ မိမိတို့ဖော်စပ်သော ဆေးဝါးများ ပိုမိုထိရောက်စေရန် ရည်ရွယ်၍လည်းကောင်း အနောက်တိုင်းဆေးဝါးများ ရောနှောဖော်စပ်လာသည်ကို သတိထားမိပါသည်။ ရှေးအခါက ပြည်သူများအလွယ်တကူသုံးစွဲနိုင်ရန် ထုတ်လုပ်ရောင်းချသော တိုင်းရင်းဆေးဝါး အရေအတွက် နည်းပါးသော်လည်း ယနေ့အခါတွင် များပြားလာပေသည်။ မိမိတို့၏ ရိုးရာမြန်မာဆေးစစ်ကို ထုတ်လုပ်ကြသူများ ရှိသကဲ့သို့ အဖိုးနည်းဝန်ပါ အနောက်တိုင်းဆေးရော၍ ထုတ်လုပ်သူများလည်း ရှိလာပါသည်။

ထို့ကြောင့် တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းကာ အကျိုးသက်ရောက်မှုရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန်၊ တိုင်းရင်းဆေးဝါးများကို စနစ်တကျမှတ်ပုံတင် ထားရှိရန်၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်းကို စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် တိုင်းရင်းဆေးဝါးဥပဒေကို ၁၉၉၆ခုနှစ် ဇူလိုင်လ ၂၅ရက်နေ့တွင် နိုင်ငံတော်က ထုတ်ပြန်ခဲ့ပါသည်။ တိုင်းရင်းဆေးဝါး ဥပဒေအရ တိုင်းရင်းဆေးဝါးဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် သို့မဟုတ် အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန်၊ တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် ပြည်တွင်းတွင် ဖော်စပ်သည့် ပစ္စည်းကိုဆိုသည်ဟု ဖော်ပြထားပါသည်။ ထို့ပြင် ကျန်းမာရေး ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တိုင်းရင်း ဆေးဝါးဟု သတ်မှတ်ထားသော ပစ္စည်းများလည်း ပါဝင်ကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ရောင်းချသည့် မည်သည့်တိုင်းရင်းဆေးဝါးမဆို တိုင်းရင်းဆေးဝါးဥပဒေနှင့်အညီ မှတ်ပုံတင်ထားရမည်ဖြစ်သည့်အပြင် မှတ်ပုံတင်ထားသော ဆေးဝါးများကို တရားဝင်ထုတ်လုပ်နိုင်ရန် ထုတ်လုပ်ခွင့်လိုင်စင်ကို ရယူထားရမည် ဖြစ်ပါသည်။ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ပြုလုပ်ရန်အတွက် ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်း၍ လျှောက်ထားသူ၏ ဓာတ်ပုံနှင့်တကွ လျှောက်လွှာကို လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာတင်သွင်းရမည် ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ ထုတ်လုပ်မည့်ဆေးဝါးနမူနာ၊ ထုပ်ပိုးမည့်ထုပ်ပိုးပစ္စည်းနမူနာနှင့် တံဆိပ်ပတ်များကိုပါ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။ ထိုသို့ လျှောက်ထားတင်ပြလာသည့် ဆေးဝါးများကို ရှေးဦးစွာ ပဏာမတိုင်းရင်းဆေးဝါးစစ်ဆေးရေးကော်မတီက စစ်ဆေးကြောင်း သိရှိရပါသည်။ စစ်ဆေးရာ၌ တိုင်းရင်းဆေးဖော်စပ်နည်းနှင့် ပါဝင်သည့် ပရဆေးများကို ပဏာမတိုင်းရင်းဆေးဝါး စစ်ဆေးရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါသည့် တိုင်းရင်းဆေးကော်မတီဝင် ဝါရင့် တိုင်းရင်းဆေးသမားတော်ကြီးများက စစ်ဆေးပါသည်။ ထို့နောက် တိုင်းရင်းဆေးဝါးတွင် ထည့်သွင်းဖော်စပ်ထားသည့် ပရဆေးကုန်ကြမ်းများ အမျိုးစစ်မှန်မှု၊ အနောက်တိုင်းဆေးရောနှောဖော်စပ်ထားမှု၊ Heavy Metal ခေါ်သော လူကို ဘေးဥပဒ်ပေးနိုင်သည့် ဓာတ်ပစ္စည်းပါဝင်မှု၊ တိုင်းရင်းဆေးဝါး၏ သန့်စင်မှုတို့ကို စစ်ဆေးရန်အတွက် စစ်ဆေးမည့်ဆေးဝါးများကို သတ်မှတ်ကြပါသည်။ ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲရှိ ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးပါသည်။ လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးသုတေသနဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနနှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲခန်းများကလည်း ကူညီပံ့ပိုးစစ်ဆေးပေးကြောင်း သိရှိရပါသည်။

ပရဆေး ကုန်ကြမ်းစစ်မှန်မှုကို စမ်းသပ်ရန်အတွက် ပရဆေးပင်များ စစ်မှန်မှု ရှိ၊မရှိ စစ်ဆေးနိုင်ရန် ၎င်းပရဆေး ကုန်ကြမ်းအစစ်အမှန်များဖြင့် တိုက်ဆိုင်စစ်ဆေးပါသည်။ သို့ဖြစ်၍ ပရဆေး ကုန်ကြမ်းအစစ်အမှန်များကို စုဆောင်းထားရှိရာ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဓာတ်ခွဲခန်းတွင် ကုန်ကြမ်းအစစ်အမှန်အမျိုးပေါင်း ၃၀၀ ကျော် ရှိပေသည်။ (စံကုန်ကြမ်း အစစ်အမှန်ဟု ခေါ်နိုင်ပါသည်။) ထိုသို့ တိုက်ဆိုင် စစ်ဆေးနိုင်ရန် ရှေးဦးစွာ ဆေးဝါးနမူနာကို ကြေညက်အောင် အမှုန့်ကြိတ်၍ သမအောင် ရောမွှေထားရပါသည်။ စစ်ဆေးမည့် ဆေးပင်၏ အစိတ်အပိုင်း အမျိုးအစားပေါ်မူတည်၍ ဓာတ်ဆေးရည်တစ်မျိုးမျိုးဖြင့် တစ်ရက်ခန့် စိမ်ထားရပါသည်။ ထိုသို့ စိမ်ထားခြင်းအားဖြင့် စစ်ဆေးလိုသောဆေးပင်၏ အစိတ်အပိုင်းများ၏ Cell Structure များကို အဏုကြည့်မှန်ဘီလူးအောက်တွင် ရှင်းလင်းပြတ်သားစွာ မြင်နိုင်ပါသည်။ ထို့နောက် စိမ်ထားသည့် ဆေးနမူနာ အနည်းငယ်ကို ဖန်ပြွန်ငယ်ဖြင့် စုပ်ယူပြီး slide ပြားပေါ်တွင်တင်ကာ အဏုကြည့် မှန်ဘီလူးဖြင့် စံကုန်ကြမ်းအစစ်အမှန်များနှင့် နှိုင်းယှဉ်တိုက်ဆိုင် စစ်ဆေးပါသည်။ တွေ့ရှိသည့် သိသာထင်ရှားသော Cell လက္ခဏာများကို ကြည့်ရှု၍ မှတ်တမ်းတင်ပြီး စစ်မှန်မှုကို ဆုံးဖြတ်ပါသည်။

တိုင်းရင်းဆေးဝါးတွင် အနောက်တိုင်းဆေး ရောနှောဖော်စပ်ထားမှုကို ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး စစ်ဆေးရပါသည်။ စမ်းသပ်လိုသော အနောက်တိုင်းဆေး အမျိုးအစားပေါ်မူတည်၍ စမ်းသပ်မည့် တိုင်းရင်းဆေးဝါးကို ဓာတ်ဆေးရည်ဖြင့် ဖျော်ထုတ်ယူပါသည်။ ထို့နောက် Thin Layer Chromatography (TLC) ခေါ်သောနည်းဖြင့် စမ်းသပ်စစ်ဆေးရန် TLC Plate ပြားပေါ်သို့ အစက်ငယ်ကလေးချပြီး စမ်းသပ်လိုသည့် အနောက်တိုင်းဆေး၏ အစက်ငယ်ကလေးမှ ပေါ်ထွက်လာမည့် spot ဟုခေါ်သော အစက်ကလေးများ နှိုင်းယှဉ်၍ စစ်ဆေးပါသည်။ ထိုအစက်ကလေးများသည် သင့်တော်သော ဓာတ်ဆေးရည်ဖြင့် စိမ်လိုက်ပါက ပေါ်ထွက်လာပြီး

ဟီရက

ထိုအစက် ကလေးများ တူညီမှု ရှိ၊မရှိကို ခရမ်းလွန်ရောင်ခြည်အောက်တွင် စစ်ဆေးပါသည်။ အကယ်၍ ထိုအစက်ကလေးနှစ်ခု တူညီမှုရှိပါက အနောက်တိုင်းဆေး ရောနှောပါဝင်သည်ဟု သတ်မှတ်နိုင်ပါသည်။

တစ်ခါတစ်ရံ ထို့ထက် ပိုမိုအဆင့်မြင့်သော High Performance Liquid Chromatography (HPLC) ဟုခေါ်သော နည်းဖြင့်လည်း စမ်းသပ်စစ်ဆေးပါသည်။ အသုံးပြုသောစက်များမှာ ခေတ်မီပြီး စမ်းသပ်ရာ၌ တိကျမှန်ကန်မှုရှိသဖြင့် ပြည်သူအများ တိုင်းရင်းဆေးဝါးများကို သုံးစွဲရာတွင် စိတ်ချရပြီး စစ်မှန်သော တိုင်းရင်းဆေးဝါးများဖြစ်စေရန် စစ်ဆေးပေးခြင်းဖြစ်ပါသည်။ လူကို ဘေးဥပဒ်ဖြစ်စေသည့် ဓာတ်သတ္တုများသည် အချို့သော အပင်များတွင် ပါဝင်လေ့ ရှိပါသည်။ အထူးသဖြင့် မြေတွင်း၌ရှိသော အစိတ်အပိုင်းများဖြစ်သည့် သစ်ဥ၊ သစ်မြစ်တို့ကို ဆေးဖော်စပ်ရာတွင် အသုံးပြုပါက ထိုဓာတ်သတ္တုများ ပါဝင်လာ နိုင်ပါသည်။ ၎င်းဓာတ်များ တိုင်းရင်းဆေးတွင်ပါဝင်ခြင်း ရှိ၊မရှိကိုလည်း စမ်းသပ်စစ်ဆေးရပါသည်။

တိုင်းရင်းဆေးဝါးများသည် ရှေးနှစ်ပေါင်းများစွာကတည်းက သုံးစွဲခဲ့ပြီး သစ်မြစ်၊ သစ်ဥ၊ သစ်ဖုများဖြင့် ဖော်စပ်ထားသောကြောင့် ဘေးအန္တရာယ်နှင့် ဘေးထွက်ဆိုးကျိုးများ နည်းပါးသည်ဟု ဆိုသော်လည်း ပေါင်းစပ်သည့် အချိုးအဆ မှန်ကန်ဖို့လိုပေသည်။ ပေါင်းစပ်သော အချိုးအဆ မှန်ကန်ပါက အဆိပ်သည်ပင်လျှင် ဆေးအဖြစ်အသုံးပြုနိုင်ကြောင်း ရှေးဟောင်းကျမ်းစာများအရ သိရှိရပါသည်။ ဥပမာအားဖြင့် ပဒိုင်းသည် ဆုပ်စူး၊ စားရူး၊ ရှူမူးဟု ဆိုကြသော်လည်း အချိုးအဆမှန်ကန်စွာ အသုံးပြုပါက ဆေးအဖြစ် သုံးနိုင်ပေသည်။ ထို့ကြောင့် ဆေးကို ဘေးကင်းစွာသုံးနိုင်ရေးအတွက် အချို့သောဆေးဝါးများကို Acute Toxicity ဟုခေါ်သော လတ်တလော အဆိပ်အာနိသင် ရှိ၊မရှိကို ဓာတ်ခွဲခန်းတွင် ကြွက်ဖြူကလေးများပေါ်၌ စမ်းသပ်ပါသည်။ စမ်းသပ်၍ စိတ်ချရမှသာလျှင် ထိုဆေးကို မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်ပါသည်။ တိုင်းရင်းဆေးဝါးများတွင် မျက်စဉ်းကိုလည်း ထုတ်လုပ်ရောင်းချနေကြကြောင်း တွေ့ရပါသည်။ လူတို့၏ အာရုံခံစားရသည့် အင်္ဂါများတွင် မျက်စိသည် အရေးအကြီးဆုံးဖြစ်သည်။ မျက်စဉ်းကို မျက်စိအတွက် ထုတ်လုပ်ရောင်းချကြသည်ဆိုသော်လည်း မျက်စဉ်းအတွက် အသုံးပြုထားသော ရေတွင် ရောဂါပိုးများ ဥပမာအားဖြင့် E.coli စသည်တို့ ပါဝင်လာပါက မျက်စိကို ထိခိုက်စေသဖြင့် မျက်စဉ်းကဲ့သို့သော တိုင်းရင်းဆေးများကို အဏုဇီဝပိုးမွှားများ ပါ၊မပါကို ပိုးမွေးစစ်ဆေးပါမည်။ အဏုဇီဝပိုးမွှားများ မပါဝင်သော မျက်စဉ်းဆေးကိုသာ ပြည်သူအများသုံးစွဲရန်အတွက် ထုတ်လုပ်ရောင်းချခွင့် ပြုနိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးများကို ဆေးဖက်ဝင်သစ်မြစ်၊ သစ်ဥ၊ သစ်ဖု၊ သစ်ရွက်၊ သစ်သီး စသည်တို့ဖြင့် ဖော်စပ်သောကြောင့် သစ်ပင်၏ အစိတ်အပိုင်းများနှင့်အတူ မြေမှုန့်များ၊ ရွှံ့များ၊ ကျောက်တုံးငယ်ကလေးများ ရောနှောပါတတ်၍ဆေး မဖော်မီသန့်စင်အောင် ပြုလုပ်ရန် အရေးကြီးပါသည်။ အကယ်၍ ကောင်းစွာ သန့်စင်ခြင်းမရှိပါက ဆေးဝါး၏အရည်အသွေး ကျဆင်းစေသည့်အပြင် မြေမှုန့်များ၊ ရွှံ့များနှင့်အတူပါလာသော သန်ကောင်ဥ စသည်တို့သည် လူကို သန်ရောဂါဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ဆေးဝါး၏သန့်စင်မှု၊ မြေမှုန့်များ၊ ကျောက်ခဲများပါဝင်မှုကို အဏုကြည့်မှန်ဘီလူးဖြင့် စစ်ဆေးကြည့်ရှုပါသည်။

ရှေးအခါက မြန်မာ့တိုင်းရင်းဆေးဝါးများကို အမှုန့်များအဖြစ်သာ ထုတ်လုပ်ရောင်းချခဲ့ကြပါသည်။ အမှုန့်များဖြစ်၍ ရေခိုးရေငွေ့များကြောင့် အစိုပြန်ခြင်း၊ မှိုတက်ခြင်းများ ဖြစ်တတ်ပါသည်။ ဆေးမှုန့်ကို မည်ရွေ့မည်မျှသောက်ရမည်ဟု ညွှန်းထားသော်လည်း အတိအကျ ချိန်တွယ်သောက်သုံးရန် ခက်ခဲပေသည်။ ထို့ကြောင့် တိုးတက်လာသော နည်းပညာများနှင့်အညီ တိုင်းရင်းဆေးဝါးများကို ဆေးပြားများ၊ ဆေးတောင့်များအသွင် ထုတ်လုပ် ရောင်းချလာပါသည်။ ဆေးပြားများရိုက်နှိပ်ထားခြင်း၊ ဆေးတောင့်များ ပြုလုပ်ထားခြင်းသည် စနစ်တကျပြုလုပ်ထားမှသာ သုံးစွဲသူတို့လက်ထဲရောက်သည့်အခါ ကျိုးပဲ့ကြေသွားခြင်းမရှိဘဲ လိုအပ်သည့် အတိုင်းအဆ အတိုင်း အတိအကျ ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။ ထို့ကြောင့် ဆေးပြားများ၏ ကျစ်လျစ်မှု၊ ဝမ်းဗိုက်တွင်းရောက်ရှိသည့်အခါ အလွယ်တကူ အရည်ပျော်မှုတို့ကို သိရှိနိုင်ရန် စက်ကိရိယာများဖြင့် စစ်ဆေးပါသည်။ စမ်းသပ်တွေ့ရှိချက်များအားလုံးကို ဓာတ်ခွဲခန်းတွင်လည်းကောင်း၊ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီတွင်လည်းကောင်း စနစ်တကျ မှတ်တမ်းတင် သိမ်းဆည်းထားပါသည်။

ဓာတ်ခွဲခန်းစစ်ဆေးချက်များ၏ အဖြေများကို ကျေနပ်မှုလည်းကောင်း၊ တိုင်းရင်းဆေးဝါးဥပဒေပါ အချက်အလက်များနှင့် ကိုက်ညီမှုလည်းကောင်း မှတ်ပုံတင်ရန်လျှောက်ထားလာသော ပြည်တွင်း၌ ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးများကို စနစ်တကျမှတ်ပုံတင်ပေးကြောင်း သိရှိရပါသည်။ နိုင်ငံတော်အနေဖြင့် ကိုယ့်အမျိုးသား ရိုးရာဆေးဝါးများဖြစ်သည့် အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို ပြည်သူအများ စိတ်ချစွာ သုံးစွဲနိုင်စေရေးအတွက် စေတနာကောင်းဖြင့် တိုင်းရင်းဆေးဝါးဥပဒေကို ထုတ်ပြန်ကြေညာ၍ စနစ်တကျ စစ်ဆေးမှတ်ပုံတင်ပေးသော်လည်း အချို့သောလုပ်ငန်းရှင်များသည် ၎င်းတို့ထုတ်လုပ်သော ဆေးဝါးများတွင် အနောက်တိုင်းဆေးဝါးများ ရောနှော ထုတ်လုပ်နေသေးကြောင်း သိရှိရပါသည်။ မှတ်ပုံတင်ပေးထားသော တိုင်းရင်းဆေးဝါးများကို မှတ်ပုံတင်ပေးနိုင်ရန်အတွက် ဆေးဝါးနမူနာများကို စစ်ဆေးရာတွင် တင်ပြလျှောက်ထားသော နမူနာကိုသာ စစ်ဆေးနိုင်ပါသည်။ ဆေးဝါးနမူနာနှင့် အမှန်တကယ် ထုတ်လုပ်သော ဆေးဝါးများဖော်စပ်ပုံ၊ ကုန်ကြမ်းပါဝင်မှုများ တူညီမှု ရှိ၊မရှိကို မည်သူမျှ အာမမခံနိုင်ပါ။ ထုတ်လုပ်သူကိုယ်တိုင်သာ အာမခံနိုင်ပါသည်။ ထို့ကြောင့် လုပ်ငန်းရှင်များ ထုတ်လုပ်ရောင်းချသော တိုင်းရင်းဆေးဝါးများကို အခါအားလျော်စွာ ဈေးကွက်မှ ဝယ်ယူပြီး စစ်ဆေးကြည့်ပါသည်။ ထိုသို့ စစ်ဆေးရာတွင် မှတ်ပုံတင်စဉ်က နမူနာ ပေးပို့ထားသော ဆေးဝါးနှင့် တိုက်ဆိုင်စစ်ဆေးရပါသည်။ အချို့သော ဆေးဝါးများတွင် အနောက်တိုင်းဆေးများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိသည်ဟု သိရှိရပါသည်။ တိုင်းရင်းဆေးဝါးဥပဒေအရ သမားကိုင်ဟုခေါ်သော သမားတော်များကိုယ်တိုင် လူနာ၏ရောဂါကို စစ်ဆေးကြည့်ရှုပြီး ပေးရသောဆေးကို မှတ်ပုံတင်ရန်မလိုဟု ဆိုပါသည်။ မြန်မာသမားတော်များသည် မြန်မာ့တိုင်းရင်းဆေးကိုသာယုံကြည်အားကိုး၍ လက်ကိုင်သုံးစွဲရမည်ဖြစ်သည်။ သမားတော်ကိုယ်တိုင် ဖော်စပ်၍ လက်ကိုင်ထားသုံးစွဲသည့် ဆေးသည် ရှားပါးသောဆေးပင်၊ တိရစ္ဆာန်ထွက်ပစ္စည်းများဖြင့် ဖော်စပ်ထားခြင်းကြောင့် ရှားပါး၍ အဖိုးတန်ပေလိမ့်မည်။ ရောဂါ၏ပြင်းထန်မှုအခြေအနေကိုကြည့်၍ သုံးစွဲခြင်းမျိုးဖြစ်နိုင်ပါသည်။ သို့သော် အနောက်တိုင်းဆေးဝါးများ ရောနှောဖော်စပ်ခြင်းသည် မြန်မာ့တိုင်းရင်းဆေးနှင့် မြန်မာ့အမျိုးဂုဏ်ကို ထိခိုက်စေပါသည်။ အနောက်တိုင်းဆေး ရောနှောသည်ဆိုရာတွင် အများအားဖြင့် ပါရာစီတမော၊ ဘာမီတုန်၊ ပရက်နီဆိုလုံးစသည်တို့သည် အလွယ်တကူဈေးပေါပေါနှင့်ရနိုင်ပြီး ရောနှောရာတွင် ငွေကုန်ကြေးကျ သက်သာသောကြောင့် ၎င်းဆေးများကို ရောနှောကြပါသည်။ ပရက်နီဆိုလုံးသည် ရောဂါကို ပျောက်ကင်းစေသည်ထက် ရောဂါကို လက္ခဏာမပြနိုင်အောင် ဖိနှိပ်ထားသောကြောင့် (ဥပမာအားဖြင့် ရင်ကျပ်ပန်းနာ၊ ယားနာ) သက်သာပျောက်ကင်းသည်ဟု ထင်ယောင်ထင်မှား ရှိတတ်ပါသည်။ ထို့ပြင် ပရက်နီဆိုလုံး ဆေးကို ကြာရှည်မှီဝဲပါက ခန္ဓာကိုယ်တွင်းရှိ အချို့သော အင်္ဂါများ၏ လုပ်ငန်းများပျက်စီး၍ လူကို ဆိုးရွားစွာ ထိခိုက်စေပါသည်။ ချက်ချင်းမသိနိုင်သော်လည်း တာရှည်သုံးစွဲခဲ့ပါက တဖြည်းဖြည်း သိသာလာနိုင်ပါသည်။ ရောနှောဖော်စပ်သူအနေဖြင့် သုံးစွဲသူတို့ ထင်ယောင်ထင်မှားဖြစ်အောင် ဖန်တီးသကဲ့သို့ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေး၏ ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေပါသည်။

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးသည် ရှေးမြန်မာ သမားတော်ကြီးများ၏ ပညာဉာဏ်စွမ်း၊ ဆေးစွမ်းများ ဖြစ်ပါသည်။ ထိုပညာနှင့် ဆေးများ တဖြည်းဖြည်းပျောက်ကွယ်လုနီးပါးဖြစ်နေကြောင်းကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်သိရှိသဖြင့် အစွမ်းထက်သည့် မြန်မာ့တိုင်းရင်း ဆေးပညာနှင့် ဆေးဝါးများကို ပြန်လည်ဖော်ထုတ်ရန် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် လမ်းညွှန်ထားပြီးဖြစ်ပါသည်။ ထိုသို့ ဖော်ထုတ်ရာတွင် တိုင်းရင်းဆေးဆရာများအပြင် ပြည်သူများ၊ သိပ္ပံပညာရှင်များ၊ ရှေ့မီ၊နောက်မီ သမားတော်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးများက ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးများကို ဖော်ထုတ်လျက်ရှိရာတွင် မသမာသော လုပ်ငန်းရှင်များ၊ ဆေးဆရာများက မိမိတို့ကိုယ်ကျိုး တစ်ခုတည်းကိုသာကြည့်၍ မြန်မာဆေးများကို အနောက်တိုင်းဆေးဝါးများ ရောနှောသုံးစွဲနေခြင်းသည် မြန်မာတိုင်းရင်းဆေး၏ အမျိုးမှန်မှုကို ထိခိုက်စေသည့်အပြင် အဖိုးထိုက်တန်သည့် မြန်မာ့ဆေးများ၏ တန်ဖိုးကိုလည်း ကျဆင်းအောင် ဆောင်ရွက်နေသည်ဟု ဝမ်းနည်းစွာမြင်မိပါသည်။ ။

အမျိုးသားတို့ နိုးကြားစို့

ဒုတိယကမ္ဘာစစ်နောက်ပိုင်း၌ ကမ္ဘာပေါ်တွင် စစ်ပွဲတွေ တစ်ခုပြီးတစ်ခုဖြစ်ခဲ့သည်။

ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲ၊ အာရပ်-အစ္စရေးစစ်ပွဲ၊ အိန္ဒိယ-ပါကစ္စတန်စစ်ပွဲ၊ ဖောက်ကလန်စစ်ပွဲ၊ အီရန်-အီရတ်စစ်ပွဲ၊ ဘော်လ်ကန်ကျွန်းဆွယ်စစ်ပွဲများ၊ ပင်လယ်ကွေ့စစ်ပွဲများ၊ အာဖဂန်နစ္စတန်စစ်ပွဲ စသည်ဖြင့် များလှစွာသည်။

နှစ်နိုင်ငံနှင့်အထက် ပါဝင်ပတ်သက်သော စစ်ပွဲတွေအပြင် ပြည်တွင်းစစ်(ဥပမာ-လိုင်ဘေးရီးယား)၊ ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးစစ် (ဥပမာ-ဖိလစ်ပိုင်)တွေလည်း ရှိသေးသည်။

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးကာလ ကြာမြင့်ခဲ့သောကြောင့်လည်းကောင်း၊ ပြည်ပကျူးကျော်သူ တရုတ်ဖြူတပ်များကို စစ်ဆင်ရေးအကြိမ်ကြိမ် ဆင်နွှဲတိုက်ထုတ်ခဲ့ရသောကြောင့်လည်းကောင်း စစ်ပွဲအကြောင်း ကောင်းကောင်း သိနေသည်။ စစ်ပွဲဆိုတာ ဘယ်လိုဆိုသည်ကို နောကျေနေသည်။

ယနေ့ မြန်မာနိုင်ငံသည် စစ်ပွဲနှင့်ကြုံတွေ့နေရသည်ဟု ကျွန်တော် ဆိုပါမည်။

သို့သော် ကျွန်တော်တို့တွေ့ကြုံခဲ့ဖူးသော စစ်ပွဲမျိုးကား မဟုတ်။

စစ်ပွဲ အမျိုးမျိုးအစားစား ရှိလေသည်။

သမားရိုးကျစစ်ပွဲ (Conventional War)၊ သမားရိုးကျမဟုတ်သော စစ်ပွဲ (Non Conventional War)၊ ကန့်သတ်စစ်ပွဲ(Limited War)၊ အကြွင်းမဲ့စစ်ပွဲ(Total War)တို့ကို လူသိများသည်။ ၂၀ ရာစုနှောင်းပိုင်းတွင် စစ်ပွဲကိုပင် စစ်ရှိန်နည်း အရေးအခင်း (Low Intensity Conflict)၊ စစ်ရှိန်လတ် အရေးအခင်း (Medium Intensity Conflict)၊ စစ်ရှိန်မြင့် အရေးအခင်း (High Intensity Conflict)၊ ဘက်စုံစစ်ပွဲ (Multi-dimensional War)၊ ဘက်မညီ(ဝါ) အချိုးမညီစစ်ပွဲ (Assymatric Warfare) ဟူ၍ အမျိုးမျိုးခေါ်ဝေါ်ကြသည်။ စစ်ပွဲမဟုတ်သော စစ်ဆင်ရေး (Operation other than War)ဆိုတာလည်း ရှိသေးသည်။

စစ်ပွဲအမျိုးအစား မျိုးကွဲတွေရှိလာခြင်းမှာ နိုင်ငံတကာဆက်ဆံရေးနှင့် သိပ္ပံနည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုတို့ကြောင့် စစ်ပွဲသဘောတရား၊ စစ်ပွဲအယူအဆတွေ ပြောင်းလဲလာသဖြင့် ဖြစ်တန်ရာသည်။

ဖော်ပြပါ စစ်ပွဲတွေအနက် ဘက်စုံစစ်ပွဲသည် ကျွန်တော် ဆိုချင်သော စစ်ပွဲဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံသည် နိုင်ငံကြီးတစ်နိုင်ငံနှင့် နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေး စစ်မျက်နှာကြီးသုံးခုတွင် စစ်ဖြစ်နေသည်။ ယင်းစစ်မျက်နှာများ၌ နိုင်ငံကြီးက ထိုးစစ်၊ မြန်မာနိုင်ငံက ခံစစ်အသွင်ရှိနေသည်။ တစ်ဖန် နိုင်ငံကြီး စွမ်းဆောင်နိုင်မှုသည် မြန်မာနိုင်ငံထက် များစွာသာလွန်ရကား အနီဘက်စုံစစ်ပွဲသည် အချိုးမညီစစ်ပွဲသဏ္ဌာန်ဆောင်နေပေသည်။

ကျွန်တော်တို့မြေပေါ်တွင် ကျွန်တော်တို့ တွေ့ကြုံခဲ့ဖူးသော လူတွေ သေကျေဒဏ်ရာရ၊ ဥစ္စာပစ္စည်းတွေ ပျက်စီးဆုံးရှုံးရသောစစ်ပွဲ မဖြစ်ပါ။ လူမသိ၊ သူမသိ သို့မဟုတ် တစ်နိုင်ငံလုံး ပြည်သူအများစုက အမှတ်တမဲ့ သတိမပြုမိချေသော ဘက်စုံစစ်ပွဲကား အမှန်တကယ် ဖြစ်နေပါသည်။

ကို(တက္ကသိုလ်)

ထို့ကြောင့် ကျွန်တော်တို့ နိုးကြားချိန်တန်ပါပြီ။

x x x

ကျွန်တော်သည် ကဗျာဆရာတစ်ယောက်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဤဘက်စုံစစ်ပွဲကို အေးအတူပူအမျှ မိသားစုစိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခံရန်၊ စည်းလုံးညီညွတ်မှုဖြင့် ရင်ဆိုင်ရန် ကဗျာနှစ်ပုဒ်ဖြင့် တပ်လှန့်လိုက်ပါသည်။

အေးအတူပူအမျှ

* ချို့အီဆိမ့်မွှေး၊ စားကောင်းကျွေးလည်း
မွေးမိစီမံ၊ ကောက်ညှင်းဆန်မှျ
အာခံတွင်းထက် မမြိုးမြက်။
* ပိုးဖဲဆင်မည်၊ ကမ်းလှမ်းသည်လည်း
ဖျင်ထည်ချည်ရက်၊ အမိလက်မှျ
နှစ်သက်ခုံမင် မဝတ်ချင်။
* နတ်နန်းမျှကို၊ နေပါဆိုလည်း
တဲအိုလွတ်လပ်၊ မိနေရပ်မှျ
နေအပ်သည်ပင် မှတ်မထင်။
* ပျားရည်ဆမ်းထား၊ နှုတ်ခမ်းခါးဖြင့်
မြှောက်စားပင့်ဆို၊ နားဝင်ချိုစေ
ကောင်းလိုမှတ်ပိုက်၊ အမေရိုက်က
နှစ်ခြိုက်ခံသာ စေတနာ။
* မိခင်ပီစွာ၊ ကိုယ့်အိမ်သာစိမ့်
ရှန်းကာနေဆဲ၊ သည်ဆင်းရဲကို
အံခဲခံယူ၊ မလိုသူ၏
မြှူဆွယ်ကျူးသွင်း၊ မသက်ဆင်းပြီ
သွေးချင်း တစ်စိတ်တစ်ဝမ်းတည်း။ ။

စည်းလုံးမှု၏ အင်အား

* မီးတစ်အိမ်သည်
ရောင်မှိန်ပိုးဝါး၊ လင်းကွက်ကျားလည်း
မြောက်မြားမီးအိမ်၊ စုထွန်းရှိန်တွင်
ထိန်ညီးတောက်ပ၊ နေ့တမျှတည့်။
* ကြိုးတစ်မျှင်သည်
အသွင်သေးမွှား၊ ပြတ်လွယ်ငြားလည်း
ကြိုးများပူးကျစ်၊ ကြိုးကြီးဖြစ်မူ
နှောင်ရစ်မြဲခိုင်၊ မပြတ်နိုင်တည့်။
* မိုးတစ်စက်သည်
ချေဖျက်တိုက်စား၊ စွမ်းမဲ့ငြားလည်း
မိုးပွား သချော်၊ ပေါင်းစည်းလေသော်
ကျောက်မြေတိုက်စား၊ ဖဲ့ဖြိုသွား၏။
* လက်တစ်ချောင်းသည်
ပျော့ပျောင်းသေးသွယ်၊ အားသိမ်ငယ်လည်း
ဆယ်ရာထောင်သောင်း၊ သန်းချီပေါင်းက
ထင်းချောင်းစုစည်း၊ မပျက်စီးသို့
ဘယ်နည်းရန်မူ၊ အောင်လံထူလိမ့်
ပြည်သူ့အင်အား လွန်ကြီးမား။ ။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ သင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ရှိ လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပသည့် Instrumentation and Process Control Training Course အမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

သင်တန်းဖွင့်ပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဋ္ဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းသို့ မြန်မာ့ရေနံ ဓာတုဗေဒ လုပ်ငန်း ကွပ်ကဲမှုအောက်ရှိ ဘွဲ့ရဝန်ထမ်း ၁၈ ဦး တက်ရောက်သင်ယူကြသည်။ (သတင်းစဉ်)

ဗြဟ္မစိုရ်အသင်းသို့ နိဗ္ဗာန်ယာဉ်နှင့် အလှူငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၉

သာစည်မြို့နယ်တွင် သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ဗြဟ္မစိုရ် လူမှုရေးအသင်းသို့ သုဓမ္မသိင်္ဂ ဒေါ်အေးအေးချိုက နာရေးလုပ်ငန်းများတွင် အသုံးပြုရန် နိဗ္ဗာန်ယာဉ် မော်တော်ယာဉ်တစ်စီးကိုလည်းကောင်း၊ စေတနာရှင်အပေါင်းက နဝကမ္မ အလှူငွေကျပ် ၂၇သိန်းကိုလည်းကောင်း စက်တင်ဘာ ၆ ရက်က လှူဒါန်းပေးအပ်သည်။

လှူဒါန်းပွဲသို့ အသင်းနာယက ဆရာတော် မြို့နယ်သံဃာ့နာယက အတွင်းရေးမှူး ဦးကောသလ္လနှင့် အမှုဆောင်များ၊ မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။ (က-ပ)

တိုင်းရင်းဆေးသမားတော်ကြီးများအဖွဲ့ ကျန်းမာရေး ပညာပေးဟောပြော၊ အခမဲ့ဆေးကုသ

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ သမားတော်ကြီး ဦးလှဋ္ဌေးနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သန်းသန်းမြင့်တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကွင်းဆင်းကုသရေးနှင့်ပညာပေးအစီအစဉ်ကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်ရာ သမားတော်ကြီး ဦးလှဋ္ဌေး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးသန်းမြင့်ဋ္ဌေးတို့က အမှာစကားပြောကြားကြပြီး သမားတော် ဒေါ်ချိုချိုဝင်း၊ ဦးခင်မောင်ထွန်း**(အပေါ်ပုံ)**နှင့် ဦးသက်လွင်တို့က ကျန်းမာရေးပညာပေးဟောပြောကြပြီး သမားတော်ကြီး ဦးလှဋ္ဌေးက ကျေးရွာဓမ္မာရုံအတွက် အလှူငွေပေးအပ်သည်။

ထို့နောက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရောဂါရှင်လူပြည်သူများအား အခမဲ့ဆေးကုသပေးကြပြီး ဆေးများလှူဒါန်းကြသည်။ (က-ပ)

စက်တင်ဘာ ၇ ရက်က ဗိုလ်တထောင်မြို့နယ် အထက(၅)တွင် ၂၀၀၂-၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကြင်မောင်က ငါးဘာသာ ဂုဏ်ထူးရှင် မောင်သက်ညီညီလွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကို ဩဂုတ် ၃၁ ရက်က ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက် အလက(၁)တွင် ကျင်းပရာ ဒလမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်ဆွေက တစ်ဦးချင်း စိစစ်ရေးကတ် ပေးအပ်စဉ်။ (၅၇)

နှလုံးအိမ်မဂ္ဂဇင်း စက်တင်ဘာထုတ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၉

Fairy Land Media က စီစဉ်ပြီး တာဝန်ခံအယ်ဒီတာ သစ္စာပိုင်စိုးတည်းဖြတ်သည့် နှလုံးအိမ်(Heart) မဂ္ဂဇင်း အတွဲ-၁၊ အမှတ်-၃၊ စက်တင်ဘာလကို အမှတ်(၇၃)၊ ဒုတိယထပ် ၅၀-၅၁ လမ်းကြား ဗိုလ်ချုပ်အောင်ဆန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေလိုက်ရာ ယခုလ မဂ္ဂဇင်းတွင် မာရဇ္ဇ၊ နန္ဒာလှိုင်၊ သက်မွန်မြင့်၊ စိုင်းစိုင်းခမ်းလှိုင်၊ ယုဇနတို့၏ အင်တာဗျူးများ၊ အလှအပနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ အနုပညာစာပေနှင့် နိုင်ငံတကာသတင်း စိတ်ဝင်စားဖွယ်ရာများ ဖော်ပြပါရှိကြောင်း သိရသည်။ **(ဝဲပုံ)** (က-ပ)

ဂုဏ်ပြုဆုချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၁၁) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၆ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအဆင့် ဘာသာစုံ၊ ဘက်စုံ တတိယဆုရ မအိမ့်ချမ်းမြေ့ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနုက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၃၂)

ကွန်ပျူတာဘာသာရပ် သင်တန်းများ ပို့ချမည်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၉)လမ်း(အလယ်) အမှတ်(၂၀၀) MMT Computer Training Center တွင် ကွန်ပျူတာနှင့် ဆက်နွှယ်သည့် ဘာသာရပ်များကို သင်ကြားပို့ချ ဖွင့်လှစ်လျက်ရှိရာ Auto Cad 2004 ပုံများကို 3D Max, Photoshop 7, Bryce 5, Photovista 3D Object, Premiere 6 ချိတ်ဆက်၍ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ အဆင့်မြင့်နည်းပညာများအတိုင်း သင်ကြားပို့ချပေးမည်ဖြစ်သည်။

စိတ်ဝင်စားသူများသည် ဖုန်း-၇၀၇၅၆၆ နှင့် ၀၉၈၀ ၂၁၈၃၀ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

✳ ရန်ကုန်ကန်တော်ကြီးမှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို အဆင့်မြှင့်တည်ဆောက်ရာတွင် အပိုင်းခြောက်ပိုင်းခွဲ၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်ခြံဝင်းလှောင်အိမ်နှင့် အဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်း၊ ရေနုတ်မြောင်းများ အဆင့်မြှင့်လုပ်ဆောင်ခြင်းလုပ်ငန်း၊ လျှပ်စစ်မီးလိုင်းများ သွယ်တန်းခြင်းလုပ်ငန်း၊ လမ်းများ ပြုပြင်ခြင်းလုပ်ငန်း၊ ယာဉ်ရပ်နားစခန်းနှင့် ငှက်ရုံအသစ် ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် အပိုင်းအလိုက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က တိရစ္ဆာန်ဥယျာဉ်အတွင်း မြေယာပြုပြင်ခြင်းလုပ်ငန်းအပိုင်းနှင့် အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းပိုင်းတို့တွင် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအသေးစိတ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အသွင်အပြင်ပြောင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရန်ကုန်မြို့နေပြည်သူများ စိတ်လက်ကြည်လင် အပန်းဖြေအနားယူနိုင်ရေးအတွက် ရန်ကုန်ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တို့ကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့်တင်မှုနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ပြုပြင်ဖွယ်ရာလုပ်ဆောင်ဖွယ်ရာများကို အပိုင်းလိုက်၊ အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ သာမန်ကြည့်ကောင်းရုံမဟုတ်ဘဲ အသွင်အပြင်ပြောင်းပြီး သန့်ရှင်းသပ်ရပ်လှပသာယာရှုချင်စဖွယ်ဖြစ်အောင် အဆင်အပြင်အနေအထားများပါ ပြောင်းလဲသွားအောင် ဆောင်ရွက်ရန်နှင့် မကုန်သင့်သည်များ မကုန်စေရန် တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျကြပ်မတ်သွားကြရန် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိရစ္ဆာန် ဥယျာဉ်အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေ၅နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးများ သန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ရာပြတ်ဌာန ဌာနမှူး ဦးထွန်းသန်းထွန်းက ရေဆိုးသန့်စင် စက်ရုံတည်ဆောက်မှုလုပ်ငန်း၏ မြို့ပြနှင့် စက်မှုအင်ဂျင်နီယာလုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးသန့်စင် စက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုမှာကြားပြီး ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကာ ညနေ ၆နာရီတွင် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

❑ DMU မှ

ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ပေးနေကြောင်းနှင့် ဆက်လက်၍ DMU ရထားတွဲများကို အဆင့်မြှင့်ထုတ်လုပ်ပြီး ရန်ကုန်-ပဲခူးနှင့် ရန်ကုန်-တောင်ငူ စသည့် ခရီးတိုလမ်းပိုင်းများမှာ အသုံးပြု ပြေးဆွဲနိုင်ရေးအတွက်ပါ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသွားသည်။

အလေးထားဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ယခုအခါ ခရီးသွားပြည်သူများအတွက် ပြည်နယ်-ပြည်မနှင့် နယ်စပ်ဒေသမကျန် လွယ်ကူချောမွေ့စွာ သွားလာနိုင်စေရန် နမ့်စန်-ဆိုက်ခေါင် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၊ ထိုစီမံကိန်း၌ ပါဝင်သည့် ပွန်ချောင်းတံတား တည်ဆောက်ရေး စီမံကိန်း၊ ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်း၌ ပါဝင်သော ပုံညာတောင်ဥမင်လိုဏ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ မော်လမြိုင်-ထားဝယ် ရထားလမ်းပိုင်း၌ ပါဝင်သည့် ရေးချောင်းတံတား တည်ဆောက်ရေးစီမံကိန်း၊ သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း ဖောက်လုပ်ရေးနှင့် ဘူတာဝင်း တည်ဆောက်ရေး စီမံကိန်း၊ ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရထားစက်ခေါင်းစက်ရုံ (အင်းစိန်)၊ ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)နှင့် မြစ်ငယ် လူစီးတွဲနှင့် ကုန်တွဲစက်ရုံတို့သည် မူလရည်မှန်းချက်များအပြင် ထပ်တိုးရည်မှန်းချက်များဖြင့်ပါ ဆောင်ရွက်လျက်ရှိနေကြသော စက်ရုံများဖြစ်ပေသည်။

တည်ဆောက်ခဲ့

ထိုနေ့က ပြေးဆွဲမှုစတင်ဖွင့်လှစ်လိုက်သော DMU ရထားတွဲဆိုင်း 304 သည် ရွာထောင် ဒီဇယ်စက်ခေါင်းစက်ရုံက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုရထားတွဲတည်ဆောက်နေစဉ်ကကြေးမုံသတင်းအဖွဲ့ ရွာထောင်စက်ရုံသို့ ရောက်ရှိခဲ့ပြီး တာဝန်ရှိသူ စက်ရုံအထွေထွေမန်နေဂျာနှင့် တွေ့ဆုံမေးမြန်းခဲ့ပုံကို ပြန်လည် ရေးသားတင်ပြရလျှင် ၂၀၀၁ခုနှစ် ဇူလိုင်လက DMU-301 တွဲဆိုင်းနှင့် ၂၀၀၂ခုနှစ် မတ်လက DMU-302 တွဲဆိုင်းတို့ကို တည်ဆောက်ပေးခဲ့ပြီး ရန်ကုန်-ရွာသာကြီး ခရီးစဉ်သို့ ပြေးဆွဲပေးခဲ့ပြီး၊ ယခုဖွင့်လှစ်လိုက်သည့် DMU-304 တွဲဆိုင်းကိုလည်း ရွာထောင်စက်ရုံကပင် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

DMU-303 တွဲဆိုင်းကိုမူမြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အင်းစိန် စက်ခေါင်းစက်ရုံသည် DMU တွဲများအပြင် ၁၉၉၂ခုနှစ်မှစ၍ ၂၀၀၃ခုနှစ်အတွင်း ခရီးတိုသွားစက်ခေါင်း အယ်အာရ်ဘီအီး ၁၄စီး တည်ဆောက်ထုတ်လုပ်ခဲ့ပြီး ဒီဇယ်စက်ခေါင်းများ အသုံးပြုနေရသော လူစီး လော်ကယ်ရထားများတွင် အစားထိုး သုံးစွဲနိုင်ခဲ့သည်။

သက်သာစေခဲ့

DMU ရထားတွဲဆိုင်းများ တည်ဆောက်ရာတွင် မစ်စူဘီရှီအမျိုးအစားအင်ဂျင်မှလွဲ၍ ကျန်အစိတ်အပိုင်းအားလုံးကို မြန်မာ့မီးရထားမှ ပြည်တွင်း၌ တည်ဆောက်ထားသော ရထားတွဲဆိုင်းများဖြစ်သည်။ DMU တွဲဆိုင်းတစ်ဆိုင်း၏ ကုန်ကျစရိတ်မှာ မြန်မာကျပ်ငွေ ၁၀၀ဒသမ ၅၇သန်းဖြစ်ပြီး ပြည်ပမှ မှာယူမည်ဆိုပါက နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ နှစ်သန်းခန့်ကုန်ကျမည်ဖြစ်၍ နိုင်ငံခြားငွေကုန်ကျမှုများလည်း သက်သာစေခဲ့သည်ဟုသိရသည်။

ရထားတွဲဆိုင်းတစ်ဆိုင်းတွင် ထိုင်လျက်ခရီးသည် ၁၈၀ဦးနှင့် ရပ်လျက်ခရီးသည် ၃၆၀ဦး စုစုပေါင်းခရီးသည် ၅၄၀ဦးကို သယ်ယူပို့ဆောင်ပေးမည်ဖြစ်သည်။ တွဲဆိုင်း နှစ်ဆိုင်းစလုံးကို ရန်ကုန်-ရွာသာကြီး လမ်းပိုင်းတွင် အစားထိုးပြေးဆွဲမည်ဖြစ်ပြီး ပထမမျိုးဆက် DMU တွဲဆိုင်းများသို့ မတ္တရာလမ်းပိုင်းကို ပို့ဆောင်ပြေးဆွဲသွားမည်ဟုလည်း သိရသည်။

စီစဉ်ထား

ရှေ့ဆက်၍ ခရီးသည်ထိုင်လျက် ၅၆၀ ဦးနှင့် မတ်တတ်ရပ်လျက် ၈၈၀ဦး စုစုပေါင်း ခရီးသည် ၁၄၄၀ဦး စီးနိုင်မည့် မြင်းကောင်ရေ ၅၀၀ အား အင်ဂျင်နှင့်တွဲလျက် ရှေ့နောက်ပြောင်းစနစ်ပါ ထရန်စမစ်ရှင်နှင့် နောက်မောင်းနှင်ဘီးများပါဝင်မည့် Powercar တစ်စီးနှင့် Trailer Car ရှစ်စီးပါသော တွဲဆိုင်းများ ဆက်လက်တည်ဆောက်သွားမည်ဟု ရွာထောင်စက်ခေါင်းစက်ရုံက စီစဉ်ထားကြောင်း သိရသည်။

ထိုနေ့က ပြုလုပ်သည့် မြန်မာ့မီးရထား၏ DMU ဒုတိယမျိုးဆက် စတင်အသုံးပြုပြေးဆွဲခြင်း ရထားပေါ်၌ ကြေးမုံသတင်းအဖွဲ့သည် ရန်ကုန်ဘူတာကြီးမှ သဃ်န်းကျွန်းဘူတာအထိ လိုက်ပါစီးနင်း အားပေးခဲ့ကြသည်။

ဖိဖိစီးစီးကြိုးစား

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနသည် ရထားပို့ဆောင်ရေးလုပ်ငန်း၌ အရည်အသွေးကောင်းများ တိုးတက်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကို အခြေခံ၍ မိမိတို့ရရှိထားသော လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို အပြည့်အဝအသုံးချပြီး ဝန်ကြီးဌာနတစ်ခုလုံး၏ စွမ်းဆောင်ရည်တိုးတက်အောင် ဖိဖိစီးစီးကြိုးစားလျက် ရှိနေကြကြောင်းကို DMU မျိုးဆက်များက သက်သေပြပေတော့မည်ဖြစ်သည်။ ။ **(ကြေးမုံ)**

စီးနင်းလိုက်ပါ

စက်တင်ဘာ ၆ရက်က အခမ်းအနားဖြင့် ဖွင့်လှစ်လိုက်သော DMU ရထားတွဲဆိုင်းပေါ်တွင် ခရီးသည်များ စီးနင်းလိုက်ပါလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ရေချမ်းမြင့်(ကြေးမုံ)

နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့်၌ ဆုရရှိသူများစာရင်းထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၉

ယူပီယူနှင့် ယူနက်စကိုတို့၏ အစီအစဉ်အရ ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၀၃ခုနှစ် (၃၂)ကြိမ်မြောက် အသက်(၁၅)နှစ်နှင့်အောက် လူငယ်များ နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို (I am writing to tell you how we can build a better future) ခေါင်းစဉ်ဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၁ရက်တွင် မြန်မာပြည်တစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၌ မြို့နယ်အလိုက် ကျင်းပခဲ့ရာ ပြည်တွင်းအဆင့်၌ ပထမဆုကို မောင်စိုင်းပန်းအောင် သတ္တမတန်း အထက(၁) ကျိုင်းတုံကလည်းကောင်း၊ ဒုတိယဆုကို မောင်အောင်ပြည့်ဖြိုး သတ္တမတန်း အထက ဘော်လခဲကလည်းကောင်း၊ တတိယဆုကို မဝေမွန်ငြိမ်း သတ္တမတန်း လေ့ကျင့်ရေး အလက ပုသိမ်ပညာရေးကောလိပ်ကလည်းကောင်း၊ နှစ်သိမ့်ဆု သုံးဆုကို မမြင့်မြတ်သူ အဋ္ဌမတန်း အလက(၁)သထုံ၊ မခင်ဆွေလင်း အဋ္ဌမတန်း အထက ကန်ကြီးထောင့်နှင့် မဆောင်းနှင်းဖြူ အဋ္ဌမတန်း အလက(၁)မြိတ်တို့ကလည်းကောင်း၊ အထူးဆုနှစ်ဆုကို မခင်ရတနာကျော် အဋ္ဌမတန်း အထက(၁၂) ချမ်းအေးသာစံနှင့် မအိမ်စည်မောင် သတ္တမတန်း အထက(၂) မကွေးတို့ကလည်းကောင်း အသီးသီးရရှိကြသည်။ ပြည်တွင်းအဆင့် ပထမဆုရရှိသည့် မောင်စိုင်းပန်းအောင်၏ ပေးစာရေးစာမူကို နိုင်ငံတကာအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဆွစ်ဇာလန်နိုင်ငံ ကမ္ဘာ့စာပို့တိုက် သမဂ္ဂ(ယူပီယူ)သို့ အင်္ဂလိပ်ဘာသာပြန်ဆို၍ ပေးပို့ထားသည်။

အဆိုပါ ပြည်တွင်းအဆင့်ဆုရရှိသူများကို ၂၀၀၃ခုနှစ် အောက်တိုဘာ ၉ရက်တွင် ကျင်းပမည့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနား၌ ဆုချီးမြှင့်မည်ဖြစ်သဖြင့် ဆုရရှိသူများသည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန အကွက်အမှတ် (၆၈) ရောဝတီလမ်း ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၉၁၃၈၂ နှင့် ၅၉၁၃၈၆ တို့သို့ဖြစ်စေ သတင်းပို့ဆက်သွယ်ကြရမည် ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၃/ ၂၀၀၄ မန္တလေး စီးပွားရေးလမ်းညွှန်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၉

မန္တလေး စီးပွားရေးလမ်းညွှန် ၂၀၀၃/၂၀၀၄ကို Eureka Co., Ltd. က တာဝန်ယူ ဖြန့်ချိလိုက်သည်။ ယင်းစာအုပ်တွင် မန္တလေး၊ မုံရွာ၊ ရွှေဘို၊ ပခုက္ကူ၊ ရေစကြိုမြို့များ၏ စီးပွားရေးလုပ်ငန်းသတင်း အချက်အလက်ပေါင်း ၃၀၀၀၀ ကျော်ကို စုစည်းဖော်ပြထားသည်။ စာအုပ်ကို အမှတ် (၁၄၅) ၃၆ လမ်း (အလယ်) ဖုန်း-၀၁-၂၅၆၁၈၂၊ ၂၅၃၂၉၅ ရန်ကုန်မြို့နှင့် အမှတ် S-8၊ ဒုတိယထပ် ဂရိတ်ဝေါပလာဇာ ၇၈ လမ်း ၃၀-၃၁ လမ်းကြား၊ ဖုန်း-၀၉-၅၀၀၉၁၀၁ မန္တလေးတို့တွင် မှာယူရရှိနိုင်ကြောင်း သိရသည်။



(အပေါ်ပုံ) (က-ပ)

▲ **နိုင်ငံတော်မှ**

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကျောက်ဆည်စက်ရုံများ နယ်မြေရှိ အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံသို့ ရောက်ရှိကြရာ အမှတ်(၁) ဆင်မင်း ဘိလပ်မြေစက်ရုံ စီမံကိန်း ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး ရွှေမိုး၊ အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး ထွန်းမြင့်၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် (Yunnan Machinery Import & Export Corporation) မှ နည်းပညာရှင်များနှင့် စက်ရုံဝန်ထမ်းများက ကြိုဆိုကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ရှေးဦးစွာ ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေးအား အမှတ်(၁) ဆင်မင်း ဘိလပ်မြေစက်ရုံ စီမံကိန်းညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးရွှေမိုးက စက်ရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်နိုင်မှု စွမ်းအားနှင့် ကုန်ကြမ်းရရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးထွန်းမြင့်က စက်ရုံ၏ အပြီးသတ် တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ကုန်ကြမ်းစုဆောင်းရရှိမှု အခြေအနေ၊ စက်များ တပ်ဆင်ပြီးစီးမှု အခြေနေနှင့် ဝန်ထမ်းအင်အား အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် အမှတ်(၂) ဆင်မင်း ဘိလပ်မြေစက်ရုံ၏ တန် ၃၃၀၀ ထုံးကျောက်ဆိုင်လို၊ တန် ၈၀၀ သံကျောက်ဆိုင်လို၊ တန် ၄၈၀ ရွှံ့စေးဆိုင်လို၊ Bag Dust-Collector များ၊ ကုန်ကြမ်းကြိတ်စက်၊ အဆင့်ငါးဆင့်ရှိ တန် ၃၈၀၀ ရောစပ်ပြီး ကုန်ကြမ်းဆိုင်လို ကုန်ကြမ်းသိုလှောင်ရုံ၊ ကုန်ကြမ်းအခြောက်ခံစက်၊ ဘိလပ်မြေအတွက် ရွှံ့စေးနှင့် သံကျောက်၊ လောင်စာအတွက် ကျောက်မီးသွေးစသည့် ကုန်ကြမ်းပစ္စည်း စုပေါင်းသိုလှောင်ရုံ (Combined Storage)၊ ကွန်ပျူတာဖြင့် ထိန်းချုပ်သည့် ဗဟိုထိန်းချုပ်ခန်း၊ ရောစပ်ပြီး ကုန်ကြမ်းများကို ကျောက်မီးသွေး လောင်စာ (သို့မဟုတ်) သဘာဝဓာတ်ငွေ့ဖြင့် အပူပေးပြီး ခတ်ပြိုကွဲမှုဖြစ်စေသည့် မီးသင်းဖို၊ ကျောက်မီးသွေးကြိတ်စက်၊ ကဲ့သို့ ကျောက်ဆည်စက်မှုနယ်မြေကြီး ပေါ်ထွန်းလာရခြင်းဖြစ်ကြောင်း၊ အမှတ်(၁) ဆင်မင်း ဘိလပ်မြေစက်ရုံ ဖွင့်လှစ်လည်ပတ်နိုင်ပြီဖြစ်၍ နိုင်ငံအတွင်း တည်ဆောက်ရေးလုပ်ငန်းများ၏ ဘိလပ်မြေလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ပြီဖြစ်ကြောင်း၊ မကြာမီလပိုင်းအတွင်း အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံကို လည်ပတ်နိုင်တော့မည်ဖြစ်သည့်အတွက် မြန်မာပြည်၏ ဘိလပ်မြေလိုအပ်ချက်များကို ဖြည့်ဆည်းလာနိုင်ပြီး ဆည်များ၊ တံတားကြီးများ၊ လေယာဉ်ကွင်းနှင့်အဝေးပြေးရေး ဆောင်ရွက်ထားရှိမှုနှင့် မီးဘေးအန္တရာယ်ကြိုတင်တားဆီးရေးအတွက် ဂါလန်ကိုးသိန်းဆံ့ ရေလှောင်ကန်တည်ဆောက်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းကျောက်ဆည်မြို့နယ် ကျောက်ဆည်စက်ရုံများ နယ်မြေရှိ အမှတ်(၁)နှင့်(၂) ဆင်မင်း ဘိလပ်မြေစက်ရုံများသည် ကျောက်ဆည်မြို့၏ အရှေ့ဘက်ရှစ်မိုင်အကွာ နွားလည်

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ကျောက်ဆည်မြို့ရှိ အမှတ်(၁) ဆင်မင်းဘိလပ်မြေစက်ရုံ၏ စက်စွမ်းအားပြည့် ကုန်ထုတ်မှုအခြေအနေနှင့် အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် စက်စမ်းသပ်လည်ပတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ကုန်ပစ္စည်းသိုလှောင်ရုံ (Clinker Silo)၊ ကုန်ချောကြိတ်စက်၊ လေမှုတ်စက်၊ ထုပ်ပိုးနှင့် သိုလှောင်ရုံအတွင်း ထုပ်ပိုးစက်တပ်ဆင်မှု၊ အမှတ်(၁) ဆင်မင်းဘိလပ်မြေစက်ရုံ၏ ဘိလပ်မြေအိတ် သိုလှောင်ရုံအတွင်း အိတ်သွတ်စက်မှ သိုလှောင်ရုံသို့ ပတ္တားလိုင်းဖြင့် ဘိလပ်မြေအိတ် ပို့ဆောင်ပေးပို့မှု၊ အိတ်အတွင်းရှိ ဘိလပ်မြေများ အလေးချိန်ပြည့်မီမှု ရှိမရှိ ကတ္တားဖြင့် ချိန်တွယ်စစ်ဆေးမှု၊ (၃၃/၆) ကျောက်ပင်မဓာတ်အားခွဲရုံ စက်ပြင်အလုပ်ရုံအတွင်းရှိ စက်မှုဇုန်များမှ ထုတ်လုပ်သည့် ပြည်ပသွင်းကုန်အစားထိုး စက်အရန်ပစ္စည်းများ၊ ဘိလပ်မြေထုတ်လုပ်မှုတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်း နမူနာများနှင့် တွင်ခုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်နှင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် စက်ရုံ၊ အလုပ်ရုံများ တစုတစည်းတည်း စုစည်းထူထောင်ထားသည့် စက်မှုနယ်မြေကြီးများ တည်ထောင်သွားရန် လမ်းညွှန်မှာကြားခဲ့သည့်အတွက် ယခု လမ်းမကြီးများ၊ ခေတ်မီ အဆောက်အအုံများအတွက် လိုအပ်သော ဘိလပ်မြေများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်မည့်အပြင် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာကြောင်း၊ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို အလေအလွင့်မရှိစေရန်၊ မြန်မြန်ဆန်ဆန် တည်ဆောက်ပြီးစီးရန်နှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်တို့က ကြပ်မတ်ဆောင် ရွက်သွားကြရန်နှင့် စက်ရုံများအတွက် လိုအပ်သော ကုန်ကြမ်းနှင့် လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စက်ရုံဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်များ၊ လေကာပင်များ၊ ပန်းဥယျာဉ်များ စိုက်ပျိုးစီစဉ်ထားရှိမှု၊ ဝန်ထမ်းများအတွက် အိမ်ရာများ တည်ဆောက်ပြီးစီးမှု၊ စက်ရုံအတွင်း လုံခြုံ ကောက်တောင်ခြေတွင် တည်ရှိကြသည်။ အမှတ်(၁)စက်ရုံကို ၂၀၀၃ခုနှစ် မေ ၁၅ရက်တွင် စတင်ဖွင့်လှစ်ပြီး စက်တင်ဘာ ၅ရက်အထိ လေးလတာကာလအတွင်း ဘိလပ်မြေ ၈၅၅၆၉၀ အိတ်၊ တန်ချိန်အားဖြင့် ၄၂၇၈၄ ဒသမ ၅တန် ထုတ်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

လည်ပတ်နိုင်မည်

အမှတ်(၂) ဆင်မင်းဘိလပ်မြေစက်ရုံကို အရှေ့ဦး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တည်ဆောက်ပြီး စက်ပစ္စည်းနှင့် နည်းပညာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စက်တပ်ဆင်မှု လုပ်ငန်းများကို မြန်မာနိုင်ငံမှ အင်ဂျင်နီယာများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာများက တာဝန်ယူဆောင်ရွက်ခဲ့ရာ ၈၄ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ မကြာမီလပိုင်းအတွင်း အောင်မြင်စွာ ဖွင့်လှစ် လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်းနှင့် ၎င်းစက်ရုံမှ တစ်နေ့ ဘိလပ်မြေတန် ၇၀၀ ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

➩ မြန်မာ-တရုတ်မှ

ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘော်လီဘော အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲမစတင်မီ နှစ်နိုင်ငံ ဘော်လီဘောသမားများက အထိမ်းအမှတ် အလံငယ်နှင့် ရင်ထိုးတံဆိပ်များ လဲလှယ်ကြသည်။

အနိုင်ရရှိ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လူငယ်ဘော်လီဘောအသင်းနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းတို့ ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းက ၂၅-၂၀မှတ်၊ ၂၅-၂၃မှတ်၊ ၁၉-၂၅မှတ်၊ ၂၉-၂၇မှတ်ဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ၏ တတိယပွဲစဉ်ကို စက်တင်ဘာ ၁၂ရက် ညနေ ၄နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

၁၃၆၅ခုနှစ်၊ တော်သလင်းလပြည့်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) မန္တလေးတိုင်း၊ အောင်မြေသာစံမြို့နယ်၊ ချမ်းသာကြီးကျောင်းတိုက် ရတနာ့ဗိမာန်စာချကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသဆရာတော် ဟောကြားတော်မူအပ်သော 'သီလစွမ်းအား၊တိုင်းကားပြည်နယ်၊ဝဖြိုးကြွယ်'တရားတော်
၈:၀၀ ၄။ သတ္တသတ္တာဟစံနေတော်မူခန်း (ဖြူသီ)
၈:၁၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၂၀ ၆။ အမတမျိုးစေ့ (တေးရေး-ဣန္ဒာဆွေ၊တေးပြု၊ဂီတမှူး-စန္ဒရားခွန်တင်ကြွယ်)
၈:၃၀ ၇။ International News.
၈:၄၅ ၈။ Islands of Dhamma.
၈:၅၀ ၉။ **ဘဒ္ဒန္တ သံဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုးထံမှ နဝင်္ဂဥပေါသထ သီလ ခံယူဆောက်တည်ခြင်း**
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ(ပထမဆု) [အထက(၂)စမ်းချောင်း] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၀၅ ၆။ သီချင်းကြီးပဒေသာ
၅:၂၀ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀ ၈။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၅:၄၀ ၉။ ၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး (ဝါသနာရှင်အဆင့်)(အမျိုးသမီး)
၆:၀၀ ၁၀။ ၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆွေးနွေးခန်း (ရုပ်သေးပြိုင်ပွဲ) မဟာဇနကဇာတ်တော်ကြီး
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Milo Success in Soccer.
၇:၁၀ ၁၅။ **မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း သတ္တမဆယ်စုနှစ် (အပိုင်း-၂)**
၇:၂၀ ၁၆။ **ပေါင်းတည်မြတ်စွယ်တော် ပူဇော်ပွဲ**
၇:၃၀ ၁၇။ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) (မြတ်ဘုရားရှင်၏ဝါဆိုစဉ်) (ဣန္ဒာဆွေရေးဖွဲ့ပူဇော်သည်)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း-၁၃)**
၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။



အောင်မြင်စာပေ အမှတ်(၁) အောင်ဘာလေလမ်း တာမွေ ရန်ကုန်မြို့၊ ဖုန်း-၅၄၁၇၄၅မှ ထုတ်ဝေဖြန့်ချိလိုက်သော Aung Myint (M.E., Australia)၏ Visual Basic Complete - Vol:2 စာအုပ်မျက်နှာဖုံး။(က-ပ)

ကွန်ပျူတာပညာ ပြန့်ပွားရေးသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၉

နိုင်ငံတော်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်းနိုင်ရန် အင်ဂျင်နီယာ၊ ကွန်ပျူတာပညာရပ်များ တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်၍ TECH Training Centre တွင် City & Guilds (UK) မှ တိုက်ရိုက်ချီးမြှင့်မည့် ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်သူများအတွက် City & Guilds (UK) ရှိ Mechatronic, Mechanical Power, Electronic, Electrical Power, Civil နှင့် IT ဘာသာရပ်များကို ရွေးချယ်တက်ရောက်နိုင်ပြီး သင်တန်းများကို စက်တင်ဘာ ၂၅ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုပါက ဖုန်း-၅၃၉၅၃၁၊ ၇၀၅၇၀၂ နှင့် ၅၀၅၉၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ကောဒသမ အကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။
(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
(ဃ) မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေး၊စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်များကို ထပ်ဆင့်ရှင်းလင်းတင်ပြခြင်းနှင့် ထိုင်းနိုင်ငံနယ်ခြားစောင့်ရဲအဖွဲ့မှ စိတ်ကြွရူးသွပ်ဆေးပြားငါးသိန်းဖော်ထုတ်ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အရေးယူဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး





☆ ထိုင်းသတင်းဌာနများမှ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ၂၀၀၃ခုနှစ် ဩဂုတ် ၃၀ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ ရှင်းလင်းပြောကြားသော နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို ထပ်ဆင့်ရှင်းလင်းတင်ပြသည်။

ထုတ်လွှင့်ကြေညာ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဌာနကြီးမှူး ဗိုလ်မှူးကြီးစန်းပွင့်က ထိုင်းနိုင်ငံ နယ်ခြားစောင့်ရဲအဖွဲ့မှစိတ်ကြွရူးသွပ်ဆေးပြားငါးသိန်းဖော်ထုတ်ဖမ်းဆီးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားရာတွင် ၂၀၀၃ခုနှစ်ဩဂုတ် ၂၀ရက်နေ့ညနေပိုင်းတွင်ထိုင်းနိုင်ငံ TV-3 လိုင်းနှင့် ITV လိုင်းတို့မှ ဩဂုတ်၂၀ရက်နေ့ နံနက်ပိုင်း အရဏ်မတက်မီ အချိန်ခန့်တွင် ချင်းမိုင်ခရိုင် မယ်အိုင်မြို့နယ် ထဒေါင်းကျေးရွာအုပ်စု အီကော-ဇေ့ဆာလားကျေးရွာအနီးတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ဝင်ရောက်လာသည့် UWSA (ခေါ်) 'ဝ' လက်နက်ကိုင်အဖွဲ့နှင့် ထိုင်းနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း၊ မိနစ် ၃၀ခန့်အကြာ ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးရှင်းလင်းခဲ့ရာ UWSA အဖွဲ့မှ ကိုးဦးသေဆုံးပြီး ၎င်းတို့နှင့်အတူ အေကေ-၄၇ သေနတ်ငါးလက်၊ ပစ္စတိုသေနတ် တစ်လက်၊ လက်ပစ်ဗုံး ၁၀လုံး၊ စကားပြောဆက်သွယ်ရေး စက်နှစ်လုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ UWSA အဖွဲ့မှ ဒဏ်ရာရရှိသူ ၁၁ဦးသည် လာလမ်းအတိုင်း မြန်မာနိုင်ငံဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း၊ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများမှာ မိုင်းယွန်းဒေသမှ ထုတ်လုပ်သည့် မူးယစ်ဆေးဝါးများဖြစ်နိုင်ကြောင်း စသည်ဖြင့် ထုတ်လွှင့်ကြေညာသွားခဲ့ကြောင်း။

ဖြစ်စဉ်အမှန်

ဖြစ်စဉ်အမှန်မှာ ထိုင်းနိုင်ငံ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ကြေညာချိန်တွင် 'ဝ'တောင်ပိုင်း မိုင်းယွန်းဒေသရှိ 'ဝ'ခေါင်းဆောင်များမှ နယ်မြေခံတပ်မတော် ထောက်လှမ်းရေးတပ်မှ တာဝန်ရှိသူများထံ ဆက်သွယ်၍ ထိုင်းနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိခဲ့သော စိတ်ကြွရူးသွပ်ဆေးပြားငါးသိန်းအမှုတွင် ပိုင်ရှင်ဖြစ်သူ တရုတ်နိုင်ငံသား ကျန်းမင်လျှန်(ခ)ကျန်ရှောက်လျှန် (၃၄)နှစ်(ဘ-ဦးကျန်ခဲလင်)အား စိတ်ကြွရူးသွပ်ဆေးပြား၅၂၉၈၀၀ပြား၊ အေကေ-၄၇ သေနတ်တစ်လက်နှင့်အတူဖမ်းဆီးရမိခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရသို့ လွှဲအပ်ပေးမည်ဖြစ်ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် 'ဝ' တပ်ဖွဲ့ဝင်များကိုလည်း ဆက်လက်ဖော်ထုတ် အရေးယူမည်ဖြစ်ကြောင်းတို့ကို သတင်းပို့ခဲ့ကြောင်း၊ ယင်းသို့ သတင်းပို့ပြီးဖြစ်စဉ်တွင် ပါဝင်ပတ်သက်နေသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် အဓိကတရားခံ ကျန်းမင်လျှန်(ခ)ကျန်ရှောက်လျှန်နှင့်အတူ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြား၅၂၉၈၀၀ပြားနှင့် အေကေ-၄၇ သေနတ်တစ်လက်အား ဩဂုတ်၂၁ရက်နေ့တွင် သက်ဆိုင်ရာနယ်မြေခံ ထောက်လှမ်းရေးတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း။

နယ်စပ်မှဝယ်ယူ

စိတ်ကြွရူးသွပ်ဆေးပြား ပိုင်ရှင်တရားခံ ကျန်းမင်လျှန်(ခ)ကျန်ရှောက်လျှန်အား စစ်ကြောမေးမြန်းချက်အရ ၎င်းသည် တရုတ်နိုင်ငံ ဇီချွမ်းပြည်နယ် စွေ့နိမ်မြို့သားဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်းအား ရှမ်းပြည်နယ် (မြောက်ပိုင်း) တရုတ်-မြန်မာ နယ်စပ်ဒေသမှဝယ်ယူခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ် ဧပြီလအတွင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းယွန်းဒေသသို့ လျှို့ဝှက်သယ်ဆောင်ခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများအား မိုင်းယွန်းဒေသသို့ ရောက်ရှိပြီး ထိုင်းနိုင်ငံအတွင်းသို့ ရောင်းချနိုင်ရေး ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင် ဝိန်းတိန်ကျေးရွာအုပ်စု ပိန်းလုံရွာတွင် နေထိုင်သော ထိုင်းနိုင်ငံသား စိုင်းကပ်၊ လောင်ဂူးတို့နှင့် ဆက်သွယ်ခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြားလျှင် ၁၃ဘတ်ခွဲနှုန်းဖြင့် မြန်မာ-ထိုင်းနယ်စပ်သို့ ပို့ဆောင်ရောင်းဝယ်ရန် ညှိနှိုင်းသဘောတူခဲ့ကြောင်း၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြားများကို မိုင်းယွန်းမှ ထိုင်းနိုင်ငံအတွင်း ပို့ဆောင်ရန် စီစဉ်ခဲ့ကြောင်း၊ သယ်ဆောင်ရာတွင် မိုင်းယွန်းဒေသမှ 'ဝ'တပ်ဖွဲ့ဝင် ၁၆ ဦးအား လိုက်ပါပို့ဆောင်ပေးရန် ဘတ်ငွေငါးသိန်းပေး၍ သွေးဆောင်စည်းရုံးခဲ့ကြောင်း၊ ဩဂုတ်လ၁၉ရက် ညနေပိုင်းတွင် နယ်စပ်သို့ သွားရောက်ပို့ဆောင်ရာ နယ်စပ်တွင် အသင့်စောင့်ဆိုင်းနေသော ထိုင်းနိုင်ငံသား စိုင်းကပ်နှင့် လောင်ဂူးတို့အား တွေ့ဆုံ၍ ထိုင်းနိုင်ငံအတွင်း တောလမ်းအတိုင်း ခြေလျင်သယ်ဆောင်သွားစဉ် ထိုင်းနယ်ခြားစောင့် ရဲအဖွဲ့နှင့် တွေ့ဆုံပစ်ခတ်ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ဝယ်ယူသူ ထိုင်းနိုင်ငံသား စိုင်းကပ်သည် မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးရောင်းဝယ်နေသူဖြစ်ပြီး ထိုင်းနိုင်ငံနယ်ခြားစောင့် ရဲအဖွဲ့၏ သတင်းပေးအဖြစ်လည်း အသုံးပြုထားသူဖြစ်ကြောင်း၊ ယခုဖြစ်စဉ်မှာ မူးယစ်ဆေးဝါးရောင်းဝယ်သူ စိုင်းကပ်အား သတင်းပေးဝယ်လက်အဖြစ် အသုံးပြုပြီးထိုင်းနယ်ခြားစောင့်ရဲအဖွဲ့မှ အကွက်ချ ထောင်ချောက်ဆင် ဖမ်းဆီးခဲ့ခြင်းသာဖြစ်ကြောင်း၊ မိုင်းယွန်းဒေသရှိ 'ဝ'ခေါင်းဆောင်များမှ ယခုဖြစ်စဉ်ကို သိလျှင်သိချင်း စိတ်ကြွရူးသွပ်ဆေးပြားပိုင်ရှင်နှင့် အခကြေးငွေဖြင့် လိုက်ပါပို့ဆောင်ခဲ့သူ 'ဝ'တပ်ဖွဲ့ဝင်တို့ကို ဖော်ထုတ်ဖမ်းဆီးခဲ့ရာနယ်စပ်အနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားပိုင်ရှင် ကျန်းမင်လျှန်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၂၉၈၀၀ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး နိုင်ငံတော်အစိုးရသို့ အပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ ငွေကြေးရယူကာ ပို့ဆောင်ရာတွင်ပါဝင်ခဲ့သူများအား ထိရောက်စွာအရေးယူအပြစ်ပေးရန် စီစဉ်လျက်ရှိသည်ဟု သိရှိရကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေးစီးပွားရေးအသင်းအဖွဲ့များမှကိုယ်စားလှယ်များအား ရှင်းလင်း ပြောကြားခဲ့သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်များကို ထပ်ဆင့်ရှင်းလင်းတင်ပြခြင်းနှင့် ထိုင်းနိုင်ငံ နယ်ခြားစောင့်ရဲအဖွဲ့မှ စိတ်ကြွရူးသွပ်ဆေးပြားငါးသိန်း ဖော်ထုတ်ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အရေးယူဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဌာနကြီးမှူး ဗိုလ်မှူးကြီးစန်းပွင့် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အရေးယူအပြစ်ပေး

ထိုင်းနိုင်ငံ သတင်းဌာနများမှ အထူးဒေသ(၂) 'ဝ' အဖွဲ့အား မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချနေကြောင်း စွပ်စွဲပြောဆိုရေးသားမှုများ ပြုလုပ်နေကြသော်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)အနေဖြင့် ၂၀၀၅ခုနှစ်တွင် ဒေသတစ်ခုလုံး မူးယစ်ဆေးဝါး လုံးဝပပျောက်ရေးအတွက် ၁၉၉၅ခုနှစ်မှစ၍ ရည်မှန်းချက်သတ်မှတ်၍ စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် အစားထိုးသီးနှံစိုက်ပျိုးရေး ပညာပေးဆောင်ရွက်ခြင်းများ ပြုလုပ်သကဲ့သို့ တားဆီးနှိမ်နင်းရေးအတွက် အရေးယူအပြစ်ပေးမှုများလည်း ပြုလုပ်လျက်ရှိကြောင်း၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC) နှင့်လည်း ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ၂၀၀၂ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ 'ဝ' အဖွဲ့အစီအစဉ်ဖြင့် ၂၀၀၃ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် မိုင်းတုံမြို့နယ် ကျနူးရွာသစ်နှင့် ယင်းရွာအနီး ဘိန်းချက်စခန်းတို့မှ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားခံ ၃၄ဦးနှင့်ဘိန်းဖြူ၈၃ ဒသမ ၄ ကီလို၊ ဘိန်းစိမ်း ၃၈၃ ဒသမ ၈ကီလို၊ ဓာတုဆေးရည် ၇၁၃ လီတာ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသောဆက်စပ်ပစ္စည်း၁၉မျိုး၊ လက်နက်၊ ခဲယမ်းမျိုးစုံ ၁၀မျိုးတို့အား ဧပြီလ ၂ ရက်နေ့တွင်လည်းကောင်း၊ ၂၀၀၃ ခုနှစ် ဧပြီလ ၁၄ရက်နေ့တွင် နမ့်တစ်မြို့နယ် ညီနောင်တံတား၌ ဖမ်းဆီးရမိခဲ့သည့် တရားခံတစ်ဦးနှင့် ဘိန်းဖြူ ၁၁ ဒသမ ၉ ကီလိုကို ဧပြီလ ၂၀ ရက်နေ့တွင်လည်းကောင်း နိုင်ငံတော်အစိုးရသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ် ဧပြီလတွင် တရုတ်နိုင်ငံ မူးယစ်အဖွဲ့မှ သတင်းပေးပို့ချက်အရ တရုတ်နိုင်ငံသား မူးယစ်တရားခံပြေး ၁၃ဦးကိုလည်း'ဝ'ဒေသအတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးကာ တရုတ်နိုင်ငံသို့ ပြန်လည်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

သတင်းစာရှင်းလင်းပွဲတွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

➪ **စာမျက်နှာ ၁၀ မှ**

လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သည့်အပြင် ၂၀၀၃ ခုနှစ် ဩဂုတ်လ ဗဟိုကော်မတီအစည်းအဝေးတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊အထူးဒေသ(၂)အဖွဲ့အနေဖြင့် ၂၀၀၅ခုနှစ် ဇွန်လအပြီး ဘိန်းစိုက်ပျိုးမှု လုံးဝဖြတ်တောက်ရန်၊ ဘိန်းခိုးစိုက်သည့် ခရိုင်၊မြို့နယ်များအား စစ်ဆေးတွေ့ရှိပါက တာဝန်ရှိသူမည်သူ့ကိုမဆို သေဒဏ်အပြစ်ပေးမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးဖြင့် စီးပွားရှာသူများအား ဆက်လက်စုံစမ်းဖော်ထုတ် အပြစ်ပေးအရေးယူသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်၍ ကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း၊ ယခုကဲ့သို့ ထိုင်းနိုင်ငံ သတင်းဌာနများအနေဖြင့် မိုင်းယွန်းဒေသ "ဝ" အဖွဲ့မှ မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချနေကြောင်း စွပ်စွဲပြောဆိုရေးသားနေကြသော်လည်း 'ဝ'အဖွဲ့ အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအား နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ယခုဖြစ်စဉ်တွင် စိတ်ကြွရူးသွပ်ဆေးပြားပိုင်ရှင်အဓိက တရားခံ ကျန်းမင်လျှန်(ခ) ကျန်ရှောက်လျှန်နှင့် ဆက်စပ်ပတ်သက်နေသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် သတင်းစာဆရာကြီးများ၏ မေးမြန်းချက်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်ကျော်သိန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို နံနက်၁၀နာရီ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ခင်းကျင်းပြသထား

ယင်းနောက် သတင်းစာဆရာများသည် ခင်းကျင်းပြသထားသော ထိုင်းနိုင်ငံ နယ်ခြားစောင့်ရဲအဖွဲ့မှ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ဖော်ထုတ်ဖမ်းဆီးရမိမှု၏ အဓိကတရားခံ တရုတ်နိုင်ငံသား ကျန်းမင်လျှန်(ခ)ကျန်ရှောက်လျှန်၏ ဓာတ်ပုံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)အဖွဲ့မှ မိုင်းယွန်းတွင်ဖမ်းဆီးရမိခဲ့သော စိတ်ကြွရူးသွပ်ဆေး ၅၂၉၈၀၀ပြား၊ အကော(၄၇)သေနတ်တစ်လက်၊ ၎င်းကျည်ကတ်တစ်ခု၊ ၎င်းကျည် ၁၀တောင့်တို့အား နယ်မြေခံ ထောက်လှမ်းရေးတပ်သို့ လွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံများ၊ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် "ဝ" တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးရေတွက်နေမှု မှတ်တမ်းဓာတ်ပုံများနှင့် ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

နယ်စပ်/စည်ပင် ညွှန်ချုပ် မကွေးတိုင်းအတွင်း လုပ်ငန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၇ရက် နံနက်ပိုင်းက မကွေးတိုင်း တောင်တွင်းကြီးမြို့သို့ ရောက်ရှိပြီး မြို့စည်ပင်သာယာရေး လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မကွေးမြို့သို့ ရောက်ရှိပြီး ဗိုလ်ချုပ်ပန်းခြံနှင့်ပျိုးဥယျာဉ်**(ယာပုံ)**၊ ကျောက်တုံးဥယျာဉ်တည်ဆောက်မည့်မြေနေရာ၊ မြို့တွင်း စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ သုခိတာရေလှောင်ကန်နှင့် စက်ရေတွင်းတူးစက်များ ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်စစ်ဆေးကြည့်ရှုသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မင်းဘူးမြို့သို့ ရောက်ရှိပြီး မြို့မပန်းခြံနှင့် ပျိုးဥယျာဉ်၊မြို့ရေပေးရေးဆောင်ရွက်နေသည့် တာဘိုင်ရေစက်ရုံ၊ ကျောက်တန်း ရေစက်ရုံနှင့် အောင်မြေရေလှောင်ကန်ကြီးများသို့ လှည့်လည်စစ်ဆေးကြည့်ရှုသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲ မိတ္ထီလာမြို့၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၃ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၈နာရီတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေတပ်စခန်းအားကစားကွင်း၌ကျင်းပရာ မြေပြင်အတတ်သင်လေတပ်စခန်း စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်းနှင့် မိတ္ထီလာတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ လေတပ်စခန်း အုပ်/တပ်၊ ကျောင်းများမှ လေတပ်စခန်းမှူးများ၊ အုပ်မှူး၊ တပ်မှူးများနှင့် လေတပ်စခန်းမှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မြေပြင်အတတ်သင်လေတပ်စခန်း စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ယှဉ်ပြိုင်မည်

ပြိုင်ပွဲတွင် လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း၊ အုပ်များမှ ပြိုင်ပွဲဝင်အသင်းရှစ်သင်းတို့ပါဝင်၍ စက်တင်ဘာ ၁၂ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေး ဈေးသင်္ဘောထွက်ခွာမည်

ရန်ကုန် စက်တင်ဘာ ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေး ဈေးသင်္ဘော ခေါက်ရေ(၂) "မြဒီပါ" ရေယာဉ်သည် စက်တင်ဘာ ၁၈ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၆) တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်း၊ ဖုန်း-၂၉၂၁၉၉နှင့် ဖုန်း-၂၉၂၃၁၉ တို့သို့ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။ (သတင်းစဉ်)

ကွန်ပျူတာဘာသာရပ်ဆိုင်ရာ သင်တန်းများ ပို့ချမည်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၉လမ်း(အလယ်) အမှတ်(၂၀၀) MMT Computer Taining Center တွင် ကွန်ပျူတာနှင့် ဆက်နွှယ်သည့် ဘာသာရပ်များကို သင်ကြားပို့ချဖွင့်လှစ်လျက်ရှိရာ Land Development Software ဖြင့် Ground Survey (Topo Survey)၊ Road Servey & Design (Cut & Fill-Earth Work Volume)၊ လမ်းနှင့်ဆက်စပ်သည့် Hydrology & Drain Design၊ Civil Design (Box Culvert & Pipe Culvert) တို့ဖြင့် စက်တင်ဘာ ဒုတိယပတ်တွင် ဖွင့်လှစ်မည် ဖြစ်သည်။

စိတ်ဝင်စားသူများသည် MMT Computer Sale, Service & Training Center ဖုန်း-၇၀၇၅၆၆နှင့် ဖုန်း-၀၉၈၀ ၂၁၈၃၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)





သတင်းစာရှင်းလင်းပွဲတွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၆။ မျိုးချစ်တပ်မတော်
၄း၄၅	၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄း၅၅	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ် (ဥပဒေပညာ) (ခ) တတိယနှစ် (စိတ်ပညာ)
၅း၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။ နိုင်ငံတကာသတင်း
၆း၂၀	၁၄။ မိုးလေဝသသတင်း
၆း၂၅	၁၅။ မြန်မာ့ရှုခင်း
၆း၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ ချစ်ပန်းဝတ်ရည် (အပိုင်း-၁၃)**
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် (အပိုင်း-၇)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ဒီအမ်ယူ - ၃၀၃

ရထား တွဲဆိုင်း

ဖွံ့ဖြိုးဝေဆာ ပြည်မြန်မာ

* ပြည်ထောင်စု တစ်နံတစ်လျား တည်ဆောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်ပြည်နယ် သံဖြူဇရပ် မြို့နယ် ထင်းရှူးကျေးရွာ အထက ကျောင်းဆောင်သစ်အဆောက်အအုံကို နိုင်ငံတော်နှင့် ပြည်သူတို့ပူးပေါင်း တည်ဆောက်ခဲ့ကြသည်။ (အပေါ်ပုံ)
* ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တည်ဆောက်ပြီး ရန်ကုန်-ရွာသာကြီး လမ်းပိုင်းတွင် ပြေးဆွဲမည့် **DMU 303** ရထားတွဲဆိုင်းကို ရန်ကုန်ဘူတာကြီးတွင် ဤသို့တွေ့ရသည်။ (ယာပုံ)
* မြစ်သုံးဆိုင်ကို ဖြတ်၍ မုတ္တမ-မော်လမြိုင်ကို ဆက်သွယ်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိသည့် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း မော်လမြိုင်ဘက်ကမ်းရှိ ပင်မတံတား သံမဏိသံပေါင်ကြီး တပ်ဆင်ပြီးစီးမှု အခြေအနေကို ဤသို့ တွေ့ရသည်။ (အောက်ပုံ) (ကြေးမုံ)

ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် (၁၀၃)ကြိမ်မြောက် လှည့်လည်ပူဇော်ခံ

ရန်ကုန် စက်တင်ဘာ ၉

ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် (၁၀၃)ကြိမ်မြောက် လှည့်လည်အပူဇော်ခံပွဲကို စက်တင်ဘာ၇ရက် နံနက်ပိုင်းက သကျမုနိမိုဃ်းကောင်းဘုရားကြီး ပရိဝုဏ်အတွင်းရှိ နှစ်ပတ်လည် စံမြန်းရာ ဂန္ဓကုဋီတိုက် အာရုံခံ တန်ဆောင်း၌ကျင်းပသည်။

ရှေးဦးစွာ အနေကဇာတင်မင်္ဂလာပွဲကို နံနက် ၅ နာရီတွင် ပေါင်းတည်မြို့ အာဂမဓောတိကာရုံ ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည အပါအဝင် ဆရာတော်ကိုးပါးတို့က ယင်းအာရုံခံ တန်ဆောင်းရှိ သကျမုနိမိုဃ်းကောင်းဘုရားကြီးအားလည်းကောင်း၊ ဗုဒ္ဓမြတ်စွယ်တော်အား လည်းကောင်း ဗုဒ္ဓါဘိသေကအနေကဇာတင်တင်တော်မူကြသည်။

ဖတ်ကြားပူဇော်

ထို့နောက် မွန်းလွဲ ၁နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား ဂန္ဓကုဋိတိုက်မှ အပူဇော်ခံ ရွှေကျောင်းဆောင်ပေါ်သို့ ပင့်ဆောင်ပူဇော်သည့် အခမ်းအနားကို ကျင်းပရာ ပေါင်းတည်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံးနှင့် ဝါသနာရှင်၊ ပညာရှင်များကစုပေါင်း၍ ဗုဒ္ဓဓမ္မတေးများဖြင့် ပူဇော်၍လည်းကောင်း၊ ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်ထွေးက ဗုဒ္ဓမြတ်စွယ်တော်၏ သမိုင်းအကျဉ်းကို လည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ဆက်လက်၍ဦးရွှေတိုးကဂါထာတော်များဖြင့်လည်းကောင်း၊ အင်းမတက်ရှိန် မင်္ဂလာဆိုင်းအဖွဲ့က ဓမ္မတေးဖြင့်လည်းကောင်း သီဆိုပူဇော်ကြသည်။

ပူဇနမင်္ဂလာ

မင်္ဂလာအချိန် ညနေ ၄ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား ဂန္ဓကုဋိတိုက် ရွှေပလ္လင်အထက် အပူဇော်ခံမည့် ရွှေကျောင်းပေါ်သို့ ပြည်တပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ဝင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးကောင်စီ (အနောက်ပိုင်း)အဖွဲ့ဝင် ဦးဖေသန်း၊ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့်အဖွဲ့ဝင်များ၊ ဗုဒ္ဓ မြတ်စွယ်တော်အခမ်းအနား စီစဉ်မှုအဖွဲ့ ဥက္ကဋ္ဌ ဦးညိမ်းနှင့်အဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဘုရားဖူးများက ဦးဆောင်၍ ပင့်ဆောင်ကြပြီး ကနက္ကဒဏ်ထီးဖြူ၊ ရွှေထီး၊ ရွှေယပ်၊ သိုင်း၊ ကျိုင်း အဆောင်အယောင်တို့ဖြင့် ခြံရံလျက် ဇာတ်မင်းသား မန္တလေးသိန်းဇော်က ပေါင်းတည်မြို့ ရွှေကျောင်းတော်ကြီးတိုက် သဒ္ဓမ္မဇောတိကာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပါရဂူ ရေးသားပူဇော်အပ်သည့် ရွှေနားတော်သ အဘိတ္တာဝီက ပူဇနမင်္ဂလာရတုဖြင့် ပူဇော်သည်။ (သတင်းစဉ်)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဒုတိယနာယကချုပ် ဆရာတော်အမှူးပြုသော သံဃာတော်များအား စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆွမ်းဆက်ကပ်စဉ်။ (စွမ်းအင်)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) စွမ်းအင်ဝန်ကြီးဌာနမှ ဆွမ်းဆက်ကပ် လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၉

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဒုတိယ နာယကချုပ် ဆရာတော်အမှူးပြုသော သံဃာတော်များအား စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်သည်။ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဇနီးဒေါ်ခင်မာအေးတို့ကဒုတိယနာယကချုပ် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိဆရာတော်၊သံဃာတော်များ အတွက်စွမ်းအင်ဝန်ကြီးဌာန၏ တစ်နေ့တာဆွမ်းအလှူတော်ငွေကျပ် ၁၈၀၀၀၀ ကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က လက်ခံရယူသည်။ ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများသည် ဆရာတော်၊သံဃာတော်များအား စိန်ဘရားသား ဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ (သတင်းစဉ်)

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် စက်တင်ဘာ ၉

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာဆင့်မီကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ရက် ညနေ ၃နာရီက သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။ ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြပြီး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၉

လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေအား ဩစတြေးလျနိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေးစီမံကိန်းမှ ဒုတိယအဖွဲ့ခေါင်းဆောင် Mr. John Renni နှင့် ကျွမ်းကျင်သူအကြံပေးပုဂ္ဂိုလ် Mr. Paul Holmes တို့သည် ယနေ့နံနက် ၈နာရီက ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး အာရှဒေသအတွင်းလူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာသို့ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်၊ မှုခင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ဝင်း၊ ဒုတိယရဲမှူးကြီး ရာလျှန်မုန်းနှင့် ရဲမှူးအောင်သန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

စက်တင်ဘာ ၉ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) (၂၀) ရပ်ကွက် ဓမ္မာစရိယ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာနနာယကဘဒ္ဒန္တနရပတိထံသို့ (၄၁)လမ်း ပန်းလှေ မိတ်ကပ်အလှကုန် မိသားစု ကိုလွင်နိုင်-မမိုးမိုးမာ တို့က ပညာပါရမီဒါန ဗလာစာအုပ်၊ ခဲတံ၊ ပေတံ၊ ခဲဖျက်များ လာရောက်လှူဒါန်းစဉ်။ (က-ပ)

အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၉

လက်တွေ့သဒ္ဒါနည်းကျကျ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်စေရန် ဆရာမကြီး ဒေါ်တင်လှိုင် (B.A Eng) ဦးစီး၍ စနစ်တကျ သင်ကြားပေးမည့် Interview တစ်ပတ်၊ နိုင်ငံခြားသွားတစ်လ၊ အခြေခံ အဆင့်မြင့် တစ်လ၊ Seamen Course, Tourism, Hotel, Company, Student Visa, Grammer, Phonetic အင်္ဂလိပ်စကားပြောသင်တန်းများကို တန်းခွဲသစ်များအဖြစ် ရုံးဝန်ထမ်းများအတွက် စနေ၊ တနင်္ဂနွေ အထူးတန်းခွဲကို ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ လှည်းတန်းမီးပွိုင့်အနီးရှိဒေါ်တင်လှိုင် ရူပါအေဝမ်း အင်္ဂလိပ်စကားပြောသင်တန်း၊ဖုန်း-၅၁၁၂၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရှမ်း(အရှေ့)တုံတာ ထပ်ဆင့်လွှင့်စက်ရုံမှ ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် စက်တင်ဘာ ၉

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာတွင် ၂၀၀၃ ခုနှစ် ဩဂုတ်၃၁ရက်က ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနှုန်း(၆)ဖြင့် စက်တင်ဘာ ၃ရက် ညနေပိုင်းမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့် လွှင့်ထုတ်ပေးနေသည်။ (သတင်းစဉ်)

အလှူငွေပေးအပ်

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမက(၁)၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက်က ပြုလုပ်ရာ ကျောင်းအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းအေးက အလှူရှင်များ လှူဒါန်းငွေကျပ် ၈၅၉၆၀၀ကို ကျောင်းအုပ်ဆရာကြီး ဦးသာရှင်သို့ ပေးအပ်စဉ်။ (က-ပ)

အဆင့်မြင့်မူကြို တန်းခွဲသစ်ဖွင့်

ရန်ကုန် စက်တင်ဘာ ၉

မိဘများ လုံခြုံစိတ်ချရစေရန် Newcampus Language Centre မှ အသက် နှစ်နှစ်ခွဲမှ ငါးနှစ်အထိ မူကြိုကလေးများ အခြေခံကောင်းရန် သင်ကြားမှုတွင် Level 1၊ 2၊ 3 ခွဲ၍ အင်္ဂလိပ်၊ သင်္ချာ၊ မြန်မာစာ၊ ကဗျာ၊ ပုံဆွဲကို ဆရာမများက စနစ်တကျ ဖွဲ့စည်းသင်ကြားပြီး ခေတ်မီသော သင်ကြားမှု အထောက်အကူပြု ပစ္စည်းများနှင့်ခေတ်မီကျယ်ဝန်းသော ကလေးကစားကွင်းများပါရှိကြောင်း သိရသည်။ စိတ်ပါဝင်စားသူများသည် အမှတ် ၂၈ အောင်ဇေယျလမ်း ကျောက်ကုန်း ရန်ကင်းမြို့နယ် ဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ၀၉၈၀-၂၁၇၈၁တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ် (ဘတ်စ်ကား)များအား ထိရောက်စွာ အရေးယူ ဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ကိုယ်ပိုင်ယာဉ်၊ ဌာနဆိုင်ရာယာဉ်နှင့် တက္ကစီအငှားယာဉ်များ၏ ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုမှာ လျော့နည်းကျဆင်းလာမှုမရှိသေးကြောင်းတွေ့ရှိရပါသည်။ သို့ပါ၍ ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုမဖြစ်စေရန် သတိပြု မောင်းနှင်ကြပါရန်နှင့် ဖြစ်ပွားပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ ကာကွယ်ရေးက တပ်မတော်ကြည်း(က)ကိုနိုင်

သတင်းဆောင်းပါး–ညီညီစိုးညွန့်၊ ဓာတ်ပုံ–ကိုကိုစိုးညွန့်

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၃–၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်းကွင်းဖွင့် ဘောလုံးပြိုင်ပွဲ အဖြစ်(က)အုပ်စုမှ ကာကွယ်ရေး အသင်းနှင့် တပ်မတော်ကြည်း(က) အသင်းတို့သည် ယနေ့ ညနေ ၃နာရီခွဲ က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေး အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးအသင်း – သုံးဂိုး။
(အောင်မိုးဦး–နှစ်ဂိုးနှင့် သက်နိုင်–တစ်ဂိုး)
တပ်မတော်ကြည်း(က)အသင်း–နှစ်ဂိုး။
(ကိုလေး– ပိုင်နယ်တီနှင့် သန့်ဇင်ထွေး)
အကောင်းဆုံးဆု – အောင်ချမ်းမင်း [တပ်မတော်ကြည်း(က)]။
ဒိုင်လူကြီး – ဦးမောင်မောင်ကြည်။

ယနေ့ပွဲ ရှုံးရှုံးနိုင်နိုင်အုပ်စုတက်ခွင့် မျှော်လင့်ချက် မရှိတော့သည့် တပ်မတော်ကြည်း(က) အသင်းက အားကစားစိတ်ဓာတ်အပြည့်ဖြင့် ရှိသမျှ အစွမ်းကုန် အားထုတ်ယှဉ်ပြိုင်ကစားခဲ့သည်။ ကာကွယ်ရေးအသင်းက အုပ်စုတက်ရန် သေချာနေသောကြောင့် အမာခံကစားသမားအချို့တို့ကို ပွဲနားကာ အရန်ကစားသမားများကို ပွဲထုတ်ကစားခဲ့သော်လည်း အသင်းကြီးပီပီ ထိန်းကစားသွားနိုင်သောကြောင့် နိုင်ပွဲဆက်ကာ အုပ်စုပထမဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းသွားနိုင်ခဲ့ခြင်း ဖြစ်သည်။

ကာကွယ်ရေးအသင်းသည် ပထမပိုင်းတွင် အဖွင့်ဂိုးစတင်သွင်းယူကာ ပထမပိုင်းပြီးသည်အထိ ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်းအစတွင် တပ်မတော်ကြည်း(က)က ချေပဂိုးနှင့် အနိုင်ဂိုး ပြန်သွင်းသည်။ ပွဲပြီးရန် ၁၀မိနစ်အလိုမှ ကာကွယ်ရေးက ချေပဂိုးနှင့် အနိုင်ဂိုး ပြန်သွင်းကာ သုံးမှတ်အပြည့်ရသွားခြင်းဖြစ်သည်။

ကာကွယ်ရေးအသင်းသည် သုံးပွဲကစား၊ သုံးပွဲနိုင်၊ ကိုးမှတ်ဖြင့် အုပ်စုပထမရကာ နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီဖြစ်ပြီး တပ်မတော်ကြည်း(က)အသင်းမှာ သုံးပွဲကစားရာ၌ သုံးပွဲစလုံးရှုံးသဖြင့် အုပ်စုမှ ထွက်သွားရပြီ ဖြစ်သည်။

ပွဲအပြီးတွင် ကြေးမုံက နှစ်ဖက်အသင်းအား ယနေ့ပွဲနှင့် ပတ်သက်၍ မေးမြန်းခဲ့ပါသည်။

ကာကွယ်ရေးအသင်း နည်းပြ ဦးခင်မောင်ဇော်က "အုပ်စုတက်နေပြီ ဖြစ်သော်လည်း အုပ်စုပထမရရန် အတွက် အနိုင်ရရှိအောင် ကြိုးစားကစားခဲ့ကြောင်း၊ ယနေ့ပွဲမှာ အမာခံကစားသမားအချို့ကို ပွဲနားခဲ့ပြီး အရန်ကစားသမားများကို ပွဲထုတ်ကစားခဲ့ကြောင်း၊ လူသစ်တွေလည်း အသင်းနှင့် အံဝင်အောင် ကြိုးစားကစားခဲ့ကြောင်း၊ နောက်တစ်ဆင့်မှာ မည်သည့်အသင်းနှင့်မဆို ကြိုးစားကစားရမည်ဖြစ်ကြောင်း၊ အုပ်စုတက်လာသော အသင်းများဖြစ်၍ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ကြောင်း၊ အကောင်းဆုံး အခြေအနေရောက်ရှိပြီး စည်းစည်းလုံးလုံးဖြင့် အနိုင်ရအောင် ကြိုးစားသွားမှာဖြစ်ကြောင်း" ပြောကြားသွားသည်။

တပ်မတော်ကြည်း(က)အသင်းနည်းပြ ဒုအရာခံဗိုလ် အေးဝင်းက "ယနေ့ပွဲရှုံးနိမ့်ခဲ့သော်လည်း ကလေးတွေ အကောင်းဆုံးဖြစ်အောင် ကြိုးစားကစားခဲ့ကြောင်း၊ အသင်းဟာ လူသစ်များနှင့် လူဟောင်းတွေ အံဝင်အောင် လုပ်နေရဆဲဖြစ်၍ အသင်းအထိုင်မကျသေးကြောင်း၊ ရှေ့လာမည့်ပြိုင်ပွဲများမှာ ယခုထက် အဆင့်ကောင်းကောင်းရအောင် ကြိုးစား ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း" ကြေးမုံသို့ ပြောကြားသွားသည်။

ယနေ့ပွဲ
ညနေ(၃)နာရီခွဲ
အောင်ဆန်းကွင်း
သစ်တောရေးရာနှင့် ပတ္တမြားနဂါး။

(ကြေးမုံ)

ကာကွယ်ရေးအသင်းနှင့် တပ်မတော်ကြည်း(က)အသင်းတို့ ဤသို့သူတင်ကိုယ်တင် ကစားခဲ့ကြသည်။
ဓာတ်ပုံ–ကိုကိုစိုးညွန့်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆုရ အောင်ချမ်းမင်း [တပ်မတော်ကြည်း(က)]။
ဓာတ်ပုံ–ကိုကိုစိုးညွန့်။

ဗုဒ္ဓစာဥယျာဉ်

အင်္ဂလိပ်စာဘက်စုံကျွမ်းကျင်မှုသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၉

ဝါဏိဇ္ဇာဘွဲ့ရသူများအသင်း(မြန်မာနိုင်ငံ) CGA မှကြီးမှူး၍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်ရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် စာရင်းကိုင်သင်တန်းများ၊ စီးပွားရေးအင်္ဂလိပ်စာသင်တန်းများ၊ နိုင်ငံတကာစံထား အင်္ဂလိပ်အသံထွက်သင်တန်းများ၊ အင်္ဂလိပ်စာ ဘက်စုံကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်လျက်ရှိသည်။

သင်တန်းကို အသင်းတည်နေရာ အမှတ်(၃၇/၄၁)၊လမ်း ၅၀ အောက်၊ ဗိုလ်တထောင်မြို့နယ်၌ စက်တင်ဘာ ၂၈ရက်(စနေနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း–၂၉၁၆၆၇၊ အတွင်းရေးမှူး ဦးကြည်သာစိုး ဖုန်း–၇၂၃၀၇၂ နှင့် ၂၈၆၈၉၄ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရွှေခြင်္သေ့သမဝါယမဈေးပွဲတော် သိမ်ကြီးဈေး(စီ)ရုံ၌ စည်ကားစွာဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမ အသင်းလီမိတက်က ကြီးမှူးကျင်းပသော သမဝါယမထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့၊ သိမ်ကြီးဈေး(စီ)ရုံ မုခ်ဦးရှေ့၌ကျင်းပရာအခမ်းအနားသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဈေးများဌာန ဒုတိယဌာနမှူး ဦးဝင်းမြင့်နှင့် သိမ်ကြီးဈေး(စီ)ရုံ ဈေးသာယာရေး ဥက္ကဋ္ဌ ဦးအောင်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဈေးရောင်းပွဲတော်၌ ဖိုးလပြည့် ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုး ကူညီပြီး Scorpion C Plus, Lemon Tea Plus နှင့် 2 in 1 အားဖြည့် အချိုရည်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး Beauty Shampoo, My Way Shampoo၊ (Sonia Shampoo)၊ Popular Cosmetics၊ Dream Cosmetics၊ Pan Pan Cosmetics၊ Westlife Cosmetics၊ Nu Care ဆပ်ပြာ၊ Nu Care မိတ်ကပ်၊ La Min Thin Cosmetics၊ Cyber Hub Internet Cafe (MCC)၊ မာမီးခေါက်ဆွဲ၊ မြန်မာဝမ်းဘီစကစ်၊ မရီနာဘီစကစ်၊ Crow နို့မှုန့်၊ ရွှေပဲဆီသန့်၊ Pucci Cake၊ OK ရေခဲမုန့်၊ ရွှေလမင်းကျောက်ကျော၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်၊ မိုးပျံငါးအူချောင်း၊ မိုးဝေဖြန့်ချိရေး၊ ရွှေကမ္ဘာ ကလစ်ဆိုင်၊ ခိုစိမ်းဖိနပ်၊ သိန်းသန်းစံ(ရှမ်းရိုးရာအထည်ဆိုင်)၊ ပွင့်အောင်၊ TZT Cotton & Causal Wear, Mp Garment၊ Gent Garment၊ Lion City၊ Ro Co Co Fashion၊ King Sapphire၊ စည်းစိမ်၊ စိုးစိုးစံ၊ ရွှေသရဖူ၊ ပွဲတိုင်းကျော်၊ ထွန်းပဒေသာ၊ စပယ်ဖြူ၊ အောင်ချမ်းသာ၊ ကိုထီးနှင့်ရောင်းရင်းများ၊ ရာဇာဖိနပ်၊ Green မွေးပွရုပ်တို့မှ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ကုမ္ပဏီ ဆိုင်ခန်းပေါင်း ၅၈ ခန်းဖြင့် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ စက်တင်ဘာ ၁၃ရက်အထိ ပြပွဲလာပြည့်သူများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

မြွေးနေ့ဆုတောင်း

၉–၉–၂၀၀၃(အင်္ဂါနေ့)တွင် ကျရောက်ခဲ့သော သားလေးညီညီထွေး၊ 1st Year(Hons)Business Management Studies University of Westminster, London' U.K. ၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အသိပညာအလိမ္မာနှင့် ပြည့်စုံပြီး စိတ်ထားဖြူစင်ထူးချွန် ထက်မြက်သော သားကောင်းရတနာလေးအဖြစ် ထာဝရတိုးတက်အောင်မြင်ပါစေ။

ချစ်ပါပါ–ဦးစောမောင်(ရခိုင်လုံချည်ပင်ရင်း)
ချစ်မေမေ–ဒေါ်မသိန်း
ချစ်ကိုကြီး–ကျော်ဝင်းမောင်
ချစ်အစ်ကို–မောင်ထွန်းဇော်(AB)Blue Sky Shipping
ချစ်မမ–မမြတ်သူဝင်း B.A(Geo.,)
မမြပန်းကုံး B.Sc(Chem:)DCSC

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၉

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၂)ကို ထုတ်ဝေဖြန့်ချိလျက်ရှိရာ မျက်နှာဖုံးသတင်းတွင် ဗိုက်ပူသူတော် ဓာတ်ကား ရုံတင်ပြသခြင်းသတင်းနှင့် ဆောင်းပါးများ ဝေဝေဆာဆာဖော်ပြထားသည်။ မဟာသတင်းဂျာနယ်တွင် ပြည်တွင်းပြည်ပ အနုပညာနှင့် အားကစားသတင်းတို့အပြင် ရာဇာနေဝင်းနှင့် စကားပြောကြားသူများ(အပိုင်း–၃)၊ တန်စတိုင်လ်၊ သက်မွန်မြင့်ဖက်ရှင်တို့ကို ရောင်စုံစာမျက်နှာများ အဖြစ် ဖော်ပြထားကြောင်း သိရသည်။

(အပေါ်ပုံ) (က–ပ)

စက်တင်ဘာ ၆ရက်က အလက(၄) ရွှေပြည်သာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့် အဖွဲ့ဝင်များက ကျောင်းသုံးပရိဘောဂများ ဝယ်ယူရန် အလှူငွေကျပ် ၁၀သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်ငွေသို့ ပေးအပ်စဉ်။
(က–ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၇–B 4)နေ (ဦးခင်မောင်လှ)အင်ဂျင်နီယာမှူး၊ မြန်မာ့ရေလုပ်ငန်း–ဒေါ်ဝင်းဝင်းမြင့်တို့၏ တစ်ဦးတည်းသောသား

မောင်မင်းသက်အောင်

B.A (History)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၅၆–A)နေ ဦးမြင့်သူ(M.D, NGS Co.,Ltd.)–ဒေါ်ကြိုင်ကြိုင်မြင့်တို့၏သမီး

မယဉ်မင်းသူ

Final Year (Business Management)

တို့ကို ၁၃၆၅ခုနှစ် တော်သလင်းလဆန်း(၁၁)ရက် ၆–၉–၂၀၀၃(စနေနေ့)တွင် Summit Park View Hotel (Ballroom)ခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မင်းသက်အောင်–မယဉ်မင်းသူ။

အမည်ပြောင်းခြင်း

အဘ ဦးသာဇံဦး၏သမီး အထက (၂)တာမွေ သတ္တမတန်း(စီ)မှ မချိုမာဝင်းအား မဖူးပွင့်ဇံဟု အမည်ပြောင်းလဲခေါ်ပါရန်။

မဖူးပွင့်ဇံ။

အမည်ပြောင်းခြင်း

အဘ ဦးသက်နိုင်၏ သမီးဖြစ်သူ အထက(၅)ဗိုလ်တထောင် ဒသမတန်း (D)မှ မယမင်းရွှေစင်အား ယနေ့မှစ၍ မယုယလမင်းဟု ပြောင်း လဲခေါ်ပါရန်။

မယုယလမင်း။

ဆေးဘက်ပညာသည်တက္ကသိုလ်၊ ရန်ကုန် ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်ကြေညာချက်

